# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၃၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

# ကုန်စျေးနှုန်း ကျဆင်းရေးနှင့် ငွေကြေးတန်ဖိုး မြင့်တက်ရေးကို ဆောင်ရွက်ကြရမည်

## တစ်ဖက်မှ ရသင့်ရထိုက်သည့် အခွန်အခများ ရရှိအောင် လုပ်ဆောင်ပြီး တစ်ဖက်မှလည်း တိုင်းပြည်ဝင်ငွေ တိုးပွားအောင်လုပ်ဆောင်၍ တိုင်းပြည်စီးပွားရေး တည်ငြိမ်အောင် ဆောင်ရွက်ရမည်

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## ယနေ့ ဖတ်စရာ


**အမျိုးသားစာပေ တစ်သက်တာဆု၏ အတိတ်ခြေရာ** — ဆောင်းပါး စာ - ၁၀

**တရားမဝင်ကုန်သွယ်မှု တားဆီး / ဖမ်းဆီးနိုင်ရေးအတွက် တားဆီး / ဖမ်းဆီးဆုငွေနှင့် သတင်းပေး ဆုငွေချီးမြှင့်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း** — အသိပေးထုတ်ပြန်ချက် စာ - ၁၃

**အီရန်နျူကလီးယားသဘောတူညီချက် အသက်ပြန်ဝင်လာရေး ဖြစ်နိုင်ခြေရှိသည့် အစည်းအဝေးတစ်ရပ်ကို ကျင်းပမည်** — နိုင်ငံတကာသတင်း စာ - ၁၄

မြန်မာ့အလင်း

# တညီတညွတ် ရှေ့သို့လှမ်းချီ

မျက်မှောက်ကမ္ဘာတွင် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံပေါင်း ၂၀၀ ကျော်ရှိသည့်အနက် လေးပုံသုံးပုံခန့်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDCs) များ အပါအဝင်ဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည်။ ကျန်သည့် လေးပုံတစ်ပုံမျှသော နိုင်ငံများသည်သာ စက်မှုနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံတို့ဖြစ်ကြသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ဆိုသည်မှာ အောက်မှအထက်သို့သွားသည့် ဖြစ်စဉ် (Bottom-up) ဟုဆိုရမည်ထက် အထက်မှအောက်သို့သွားသည့်ဖြစ်စဉ် (Top- down) ဖြစ်စဉ်သဘောကို ပိုမို၍ ဆောင်ယူကြောင်း၊ သို့ဖြစ်ရာ နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ထိရောက်ထက်မြက်သော ခေါင်းဆောင်မှုရရှိရန် လိုအပ်ကြောင်း ပညာရှင်များက ဆိုသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်အားထက်သန်ပြင်းပြသော ခေါင်းဆောင်ဖြစ်သူက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အဓိကလုပ်ဆောင်ရမည့် နိုင်ငံရေးလုပ်ငန်းစဉ်၏ ဗဟိုအချက်အချာအဖြစ် သတ်မှတ်ကာ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စိုက်ပျိုးမွေးမြူ စက်မှုကုန်ထုတ်လုပ်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၏ ကဏ္ဍအလိုက် ပါဝင်မှုများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ၂၀ ရာစုကာလ အနောက်နိုင်ငံများက ကမ္ဘာ့စီးပွားရေးဖြစ်စဉ်ကြီးတွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများအဖြစ် နေရာယူထားစဉ် အာရှနိုင်ငံများထဲမှ ပထမဆုံး ထိုးထွက်လာခဲ့သည့် နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ခေါင်းဆောင်များ၏ အသိနှင့်ယှဉ်သော ကြိုးပမ်းအားထုတ်မှုနှင့် နိုင်ငံသားတို့၏ ထူးခြားသောစိတ်ဓာတ် ခံယူချက်များနှင့် အလုပ်လုပ်ခြင်းအပေါ်ထားရှိသည့် သဘောထားတို့မှ ထွက်ပေါ်လာသော အံ့သြဖွယ်အခြင်းအရာဟူ၍ နိုင်ငံခြားသားတို့က အသိအမှတ်ပြုကြသည်။

အာရှနိုင်ငံများမှ နောက်ထပ်သာဓကများတွင် တောင်ကိုရီးယားနှင့် စင်ကာပူတို့ကိုလည်း ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။ ၁၉၅၀ ပြည့်နှစ် တောင်-မြောက်ကိုရီးယား စစ်ပွဲကြောင့် ချွတ်ခြုံကျခဲ့ရသည့် တောင်ကိုရီးယားတွင် စစ်ပွဲ၏ ဒဏ်ရာဒဏ်ချက်များကို ကုစားနိုင်ရေး၊ နိုင်ငံ့စီးပွားရေး မြှင့်တင်နိုင်ရေးဟူသော နိုင်ငံရေးဖိအားများနှင့်အတူ ၁၉၆၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီး ပတ်ချုံဟီး၏ အာဏာသိမ်းမှု ဖြစ်ပေါ်ခဲ့သည်။ သမ္မတ ပတ်ချုံဟီး၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် မှန်ကန်သော အမြင်၊ ထိရောက်ထက်မြက်သော ဦးဆောင်မှုတို့က တောင်ကိုရီးယားကို အာရှကျားတစ်ကောင်အဖြစ် ဖွံ့ဖြိုးတိုးတက်သောလမ်းကြောင်းပေါ်သို့ ရောက်ရှိစေခဲ့သည်။ စင်ကာပူနိုင်ငံတွင်လည်း ထိုနည်းတူစွာပင် ဝန်ကြီးချုပ် လီကွမ်းယူ၏ ဦးဆောင်မှုဖြင့် သဘာဝသယံဇာတဟူ၍ ဘာမျှမရှိသော ကျွန်းနိုင်ငံသေးသေးကလေးကို ကမ္ဘာကလေးစားရလောက်သည့် ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းသို့ ရောက်ရှိအောင် ဦးဆောင်နိုင်ခဲ့သည်။ ဖော်ပြပါနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ခေါင်းဆောင်များ၏ ဦးဆောင်မှုများကသာ အဓိကဖြစ်ပြီး သဘာဝသယံဇာတဟူ၍ မရှိသလောက် ခေါင်းပါးလှသော နိုင်ငံများသာဖြစ်သည်ကို တွေ့ရှိနိုင်သည်။

ယခုအခါ မိမိတို့နိုင်ငံသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ဦးဆောင်မှုဖြင့် နိုင်ငံအတွက် အရေးကြီးသည့် ကာလတစ်ရပ်ကို ဖြတ်သန်းနေရချိန်ဖြစ်သည်။ နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် မှန်ကန်တည့်မတ်စွာ ခိုင်မြဲရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်ချက်တို့ကို အစိုးရနှင့် ပြည်သူတို့ အတူတကွ ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သကဲ့သို့ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မှန်ကန်ထက်မြက်သည့် ဦးဆောင်မှုကို ခံယူကာ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ အလုပ်သမား လယ်သမား ဝန်ထမ်းများ၏ ကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများဖြင့် တညီတညွတ်တည်း ရှေ့သို့လှမ်းချီကြရမည့် အချိန်အခါပင် ဖြစ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အာရောဂျသုခ တက္ကသိုလ်ဆေးခန်းဖွင့်မည်




နေပြည်တော် ဩဂုတ် ၂၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အာရောဂျသုခ တက္ကသိုလ်ဆေးခန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ မထေရ် မြတ် အမှူးပြုသော ဌာနကြီးမှူးဆရာတော်ကြီးများက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ရှိ ဆေးခန်းအဆောက်အအုံ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အာရောဂျသုခ တက္ကသိုလ်ဆေးခန်းကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး တက္ကသိုလ်ရှိ သင်တန်းအသီးသီးသို့ တက်ရောက် သင်ကြားလျက်ရှိသော ပြည်တွင်း ပြည်ပမှ ရဟန်း၊ သီလရှင်၊လူပုဂ္ဂိုလ် သင်တန်းသားသင်တန်းသူများ၊ (သင်ကြား/စီမံ) ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄) မှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၀ (ရှမ်း)၊ ၄၁/၂၀၂၀ (မွန်) တို့ကို ကြားဖြတ်အမိန့်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု အမှတ် ၁/၂၀၂၂ (ရခိုင်) နှင့် တရားမအထူးအယူခံမှုအမှတ် ၃၇/၂၀၂၀ (ဧရာဝတီ)၊ ၄၂/၂၀၂၀ (ရန်ကုန်)၊ ၁၉/၂၀၂၁ (ရန်ကုန်)၊ ၇/၂၀၂၁ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄) မှု တို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ် အထူးအယူခံမှုအမှတ် ၇/၂၀၂၂ (ရှမ်း) နှင့် တရားမအထူးအယူခံမှုအမှတ် ၂/၂၀၂၂ (ရန်ကုန်)၊ ၁၂/၂၀၂၁ (မန္တလေး)၊ ၃/၂၀၂၂ (ရန်ကုန်)၊ ၆/၂၀၂၂ (မန္တလေး) စုစုပေါင်း ရာဇဝတ် အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄) မှု တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သတင်းမီဒီယာသမားအသိအမှတ်ပြုကတ်ပြား အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင် မီဒီယာများ၊ ပြည်တွင်းပုဂ္ဂလိကမီဒီယာများနှင့် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းမီဒီယာများအနေဖြင့် သတင်းများရယူရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် သတင်းစာရှင်းလင်းပွဲများအပါအဝင် အခမ်းအနားများ ဖိတ်ကြားရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြားများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စိစစ်၍ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြားများကို ၂၀၂၁ ခုနှစ်၊ မတ်လမှစတင်၍ ထုတ်ပေးခဲ့ရာ သက်တမ်း (၁) နှစ် သတ်မှတ်ထားရှိခဲ့ပါသည်။ သတ်မှတ်ထားသည့် သက်တမ်းကာလ ကုန်ဆုံးနေပြီဖြစ်သော ၎င်းသတင်းမီဒီယာသမား အသိအမှတ်ပြု ကတ်ပြားများကို ဆက်လက်အသုံးပြုခြင်း မပြုလုပ်ရန်နှင့် အသိအမှတ်ပြုကတ်ပြားအဟောင်းများအား ပြန်လည်အပ်နှံ၍ အသစ်လဲလှယ်ရမည်ဖြစ်ပါသည်။

သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြား သက်တမ်းကုန်ဆုံးပါက သတ်မှတ်ပုံစံနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အသိအမှတ်ပြုကတ်ပြား အသစ်လဲလှယ်နိုင်ရေး လာရောက်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၃၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၂

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

❍ ဒီမိုကရေစီဟု ဆိုရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက် လက္ခဏာနှင့်ယဉ်ကျေးမှုကို ထိခိုက်မှုမရှိစေနိုင်သည့် ပညာရေးစနစ်မျိုး ဆောင်ရွက်နိုင်ရန်လို၊ ဒီမိုကရေစီ နိုင်ငံရေးကို သင်ကြားရန်မဟုတ်ဘဲ ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို သင်ကြားပေးနိုင်မည်ဆိုပါက ကောင်းမွန်သည့် ပညာရေးစနစ် တစ်ခုဖြစ်လာမည်

❍ အချို့ပုဂ္ဂလိက ကျောင်းများတွင်လည်း နိုင်ငံရေးနှင့် သက်ဆိုင်သည်များကို မသိမသာ သင်ကြားနေကြသည်ကို ကြားသိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကြပ်မတ် ဆောင်ရွက်ရန်လို

❖ *ရှေ့ဖုံးမှ*

### အစိုးရအဖွဲ့ပြင်ဆင်ဖွဲ့စည်းမှုသည် ဦးတည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် အကောင်ထည်ဖော်နိုင်ရန်ဖြစ်

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အစိုးရအဖွဲ့ပြင်ဆင်ဖွဲ့စည်းပြီး ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ် နိုင်ငံတော်တာဝန်စတင်ထမ်းဆောင်ချိန်မှစ၍ အစိုးရအဖွဲ့ကိုစတင်ဖွဲ့စည်းခဲ့ရာတွင် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ အငြိမ်းစားဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်နေဆဲ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများ ပါဝင်ဖွဲ့စည်း၍ အစိုးရတစ်ရပ်၏ လုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံအတွက် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ပတ်သက်သည့် ဦးတည်ချက်များကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့တာဝန်ယူချိန်တွင် ကိုဗစ် ၁၉ ဒုတိယလှိုင်းဖြစ်ပွားမှုကို ကြုံတွေ့ခဲ့ရပြီး ဆေးဝါးနှင့် ဆရာဝန် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ဒုတိယလှိုင်းကာလအတွင်း ပိုးတွေ့လူနာ ၁၄၂၉၄၁ ဦးရှိခဲ့ကြောင်း၊ တတိယလှိုင်းဖြစ်ပွားခဲ့ချိန်တွင်လည်း ရောဂါဖြစ်ပွားမှုပိုမိုပြင်းထန်ခဲ့ပြီး ပိုးတွေ့လူနာ ၃၉၁၃၅၃ ဦး၊ သေဆုံးသူ ၁၆၀၉၅ ဦးရှိခဲ့ပြီး အပြင်းထန်ဆုံးကာလဖြစ်ခဲ့ကာ အစိုးရအဖွဲ့အနေဖြင့် အခက်အခဲများကြားမှကျော်ဖြတ်ခဲ့ရကြောင်း။

အဆိုပါကာလတွင် CDM ပြုလုပ်သည့် ဝန်ထမ်းများကြောင့် အစိုးရ၏ လုပ်ငန်းများ ထိခိုက်ခဲ့သကဲ့သို့ နိုင်ငံ့အခွန်ငွေများလည်း ပြည့်ဝစွာမရရှိခဲ့ဘဲ ပုံမှန်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုသာ ဆောင်ရွက်၍ ခက်ခဲစွာဖြတ်ကျော်ခဲ့ရကြောင်း၊ စတုတ္ထလှိုင်း ဖြစ်ပွားသည့်ကာလအစမှ ယခုလ ၂၁ ရက်အထိ ပိုးတွေ့လူနာ ၇၉၉၈၃ ဦး တွေ့ရှိခဲ့ပြီး သေဆုံးလူနာ ၁၂၇ ဦးရှိခဲ့ကြောင်း၊ ယခင် ဒုတိယလှိုင်းနှင့် တတိယလှိုင်းကာလများထက် များစွာကျဆင်းသွားခဲ့ကြောင်း၊ ထိုသို့ကျဆင်းစေရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် ပြည်သူလူထုများနှင့် အခက်အခဲဖြစ်ပွားချိန်တွင် အကူအညီများပေးခဲ့သည့် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံနှင့် မိတ်ဆွေနိုင်ငံတို့ကြောင့်ဖြစ်ပြီး ယင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ၎င်းတို့ကူညီပေးခဲ့မှုများကြောင့် မိမိတို့နိုင်ငံရှိ ပြည်သူများ ကိုဗစ်ဖြစ်ပွားမှုမှ များစွာလျော့ပါးစေခဲ့ကြောင်း၊ အခြားနိုင်ငံများအနေဖြင့်လည်း အထိုက်အလျောက် ကူညီမှုများရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အခြားနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ဖြင့် မိတ်ဝတ်မပျက်ဆက်ဆံရေးဖြင့် ဆက်ဆံဆောင်ရွက်လျက်ရှိကြောင်း။

မည်သို့ပင်ဖြစ်စေ မိမိတို့အစိုးရအနေဖြင့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှား ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အစိုးရအဖွဲ့အား ပြင်ဆင်ဖွဲ့စည်းရာတွင် လုပ်ငန်းများအဆင်ပြေစေရန်နှင့် လူမှန်နေရာမှန်ဖြစ်စေရန်အတွက် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခင်ကာလများအတွင်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် အကြီးအကဲများအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ယခုအခါတွင်လည်း ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး ရှေ့လုပ်ငန်းစဉ်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ရည်မှန်းချက်များကို အမြဲအကောင်အထည်ဖော် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

#### ငြိမ်းချမ်းရေးဖော်ဆောင်မှု

ဦးတည်ချက်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဟူ၍ ဦးတည်ချက်များ ချမှတ်ထားကြောင်း၊ နိုင်ငံရေးဦးတည်ချက်တွင် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးဆိုသည်ကို နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံးက လိုလားကြကြောင်း၊ နိုင်ငံသားဆိုရာတွင် တိုင်းရင်းသားများမှ ပေါက်ဖွားလာသည့် နိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံတွင်ရောက်ရှိ နေထိုင်ပြီး နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရသူများလည်း ရှိကြောင်း၊ အဆိုပါ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငြိမ်းချမ်းမှုရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အတိုင်း အလေးထား လုပ်ဆောင်သွားရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ NCA တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ၁၀ ဖွဲ့ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ ယခုအခါ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) တို့ပေါ်တွင် အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များနှင့် သဘောတူညီချက်များရရှိပြီး လက်မှတ်ရေးထိုးနိုင်သည်အထိ အကြိမ်ကြိမ်ထပ်မံဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တစ်ချိန် လွှတ်တော်များ ပြန်လည်ကျင်းပချိန်တွင် ငြိမ်းချမ်းရေးညီလာခံကို ပြန်လည်ကျင်းပပြုလုပ်၍ လွှတ်တော်အမတ်များနှင့် သဘောတူညီချက်ရရှိပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးဆောင်ရွက်၍ ထာဝရငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဥပဒေများရေးဆွဲရန် ကျန်ရှိနေသေးကြောင်း၊ ထို့ကြောင့် NCA လက်မှတ်ရေးထိုးပြီးချိန်တွင် ဆက်လက်ဆောင်ရွက်သွားနိုင်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအခွင့်အရေး၊ ဒေသအခွင့်အရေးများရရှိရန်အတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း ဥပဒေနှင့် ညီညွတ်သည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်နက်ဆက်လက်ကိုင်ဆောင်လိုပါကလည်း တပ်မတော်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်း၊ နယ်ခြားစောင့်တပ်များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်းများ ဆောင်ရွက်ခွင့်ပေးမည်ဖြစ်ကြောင်း၊ သို့သော်ပြည်သူများ ထိခိုက်နစ်နာမှုများဖြစ်အောင် ဆောင်ရွက်ခဲ့သည်များရှိပါက နစ်နာသူများက တောင်းဆိုလျှင် ဥပဒေနှင့်အညီ ဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို ပြည်ထောင်စုဝန်ကြီးများအနေဖြင့် အလျဉ်းသင့်သည့် အချိန်များတွင် ဆွေးနွေးတိုက်တွန်းပြောကြားကြစေလိုကြောင်း။

#### နိုင်ငံတကာဆက်ဆံရေး

လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို ကျင့်သုံးရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ကြောင်း၊ အိမ်နီးချင်း ၅ နိုင်ငံရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အဆိုပါအဖွဲ့များ၏ ပဋိညာဉ်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး မည်သည့်စစ်အုပ်စုအဖွဲ့မှ ဝင်ရောက်ထားခြင်းလည်းမရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးစွာဆက်ဆံလျက်ရှိသကဲ့သို့ ရုရှားနိုင်ငံနှင့်လည်း ရင်းနှီးသည့်ဆက်ဆံမှုရှိကြောင်း၊ ယခင်ကတည်းက အနောက်နိုင်ငံများနှင့် ရင်းနှီးသည့် ဆက်ဆံရေးများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးမူဝါဒသည် ခိုင်ခိုင်မာမာရှိကြောင်း၊ အာဆီယံအဖွဲ့၏ ပဋိညာဉ်အခြေခံမူတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာ အာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေး လက္ခဏာများကို လေးစားလိုက်နာခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိခြင်း၊ တရားဥပဒေစိုးမိုးရေး၊ စီမံအုပ်ချုပ်မှုကောင်းမွန်ရေး၊ ဒီမိုကရေစီအခြေခံမူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အစိုးရရှိမှုဟူသည့် အခြေခံသဘောတရားများကို လိုက်နာခြင်းဆိုသည့် အချက်များ ပါဝင်ကြောင်း၊ အဆိုပါအချက်များကို ပြန်ကြည့်ပါက လက်ရှိအခြေအနေကို ထင်ဟပ်နိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရာတွင် တုံ့ပြန်သင့်သည့်အချက်များကို ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

#### စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး

စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာမှုရှိစေရန်နှင့် တိုးတက်မှုရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းတစ်ခု တိုးတက်မှုမရှိပါက ပြန်လည်သုံးသပ်ရန်လိုကြောင်း၊ ၂၀၁၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၃၂၃ မြို့နယ်၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ၃၁၅ မြို့နယ်ကျင်းပနိုင်ခဲ့ပြီး တစ်ကြိမ်နှင့်တစ်ကြိမ် မြို့နယ်အရေအတွက်များ နည်းပါးလာခဲ့ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီနှင့် ပတ်သက်သည့်အခက်အခဲများကြောင့် နည်းပါးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အချို့သော မြို့နယ်များ၌ ရွေးကောက်ပွဲကျင်းပရန် ပြောကြားခဲ့သော်လည်း အချို့တာဝန်ခံဆောင်ရွက်သည့် အဖွဲ့အစည်းများက အဆိုပါမြို့နယ်များ၌ ၎င်းတို့ပါတီအောင်နိုင်ရန်အခွင့်အရေးနည်းပါးပြီး အခြားယှဉ်ပြိုင်ဘက်ပါတီမှ အနိုင်ရရှိနိုင်သည့်အတွက် ယခင်ကန့်ကွက်မှုများကို *စာမျက်နှာ ၄ သို့*

❑ မိမိတို့အနေဖြင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဥပဒေများရေးဆွဲရန် ကျန်ရှိနေသေး၊ ထို့ကြောင့် NCA လက်မှတ် ရေးထိုးပြီးချိန်တွင် ဆက်လက်ဆောင်ရွက်သွားနိုင်ရမည်၊ တိုင်းရင်းသားအခွင့်အရေး၊ ဒေသအခွင့်အရေးများရရှိရန်အတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်နိုင်မည်ဖြစ်၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း ဥပဒေနှင့် ညီညွတ်သည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးမည်၊ လက်နက်ဆက်လက် ကိုင်ဆောင်လိုပါကလည်း တပ်မတော်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်း၊ နယ်ခြားစောင့်တပ်များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်းများ ဆောင်ရွက်ခွင့်ပေးမည်ဖြစ်၊ သို့သော်ပြည်သူများ ထိခိုက်နစ်နာမှုများဖြစ်အောင် ဆောင်ရွက်ခဲ့သည်များရှိပါက နစ်နာသူများက တောင်းဆိုလျှင်ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်၊ အဆိုပါ အချက်များကို ပြည်ထောင်စုဝန်ကြီးများအနေဖြင့် အလျဉ်းသင့်သည့် အချိန်များတွင် ဆွေးနွေးတိုက်တွန်း ပြောကြားကြစေလို

- ◆ **ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်း (SME)များကို အားပေးသွားမည်ဖြစ်သကဲ့သို့ ဆန်စက်၊ ဆီစက်နှင့် ပဲခွဲစက်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားမည်၊ အဆိုပါ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ၎င်းလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် တောင်သူများနှင့်အလုပ်အကိုင်ဆောင်ရွက်ကြသူများအနေဖြင့်လည်း လူမှုစီးပွားဘဝတိုးတက်လာမည်**
- ◆ **အလားတူ မြို့ပေါ်နေပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက်လည်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆောင်ရွက်ရန်လို၊ နိုင်ငံအတွက် အမှန်တကယ် အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်**

*စာမျက်နှာ ၃ မှ*

အကြောင်းပြ၍ ငြင်းပယ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့မှုများမှာ ဒီမိုကရေစီ ထက်၊ တိုင်းရင်းသားများ၏ အကျိုးထက်ပါတီ၏ အကျိုးစီးပွား၊ ၎င်းတို့အဖွဲ့၏ ရေရှည်အာဏာရရှိရေး၊ ၎င်းတို့အဖွဲ့ကို ကျောထောက်နောက်ခံပြုထားသူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန်အတွက် ဦးစားပေးဆောင်ရွက်ခဲ့သည်ကို ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းများကြောင့် ဒီမိုကရေစီအမှန် တကယ်လိုလားသူများ၊ ပြည်ထောင်စုအကျိုးကို အမှန်တကယ်လိုလားသူများ၊ အမျိုးသားအကျိုးစီးပွားကို အခြေခံ၍ တိုင်းပြည်တည်ဆောက်ရေး ဆောင်ရွက်နေသူများအတွက် စိတ်ခံစားမှုများ များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ အင်မတန်ဆိုးရွားသည့် သမိုင်းမှတ်တမ်းတစ်ခုဖြစ်ပြီး မည်သို့မျှ ဖျောက်ဖျက်၍ မရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ဦးတည်ချက်များအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး အောင်မြင်အောင်ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း။

### လူမှုစီးပွားမြှင့်တင်ရေးတွင် ပညာရေးကဏ္ဍသည်အရေးကြီး

နိုင်ငံရေးဟုဆိုရာတွင် စီးပွားရေးသည်လည်း ဆက်စပ်လျက်ရှိကြောင်း၊ အလားတူ လူမှုရေးကိစ္စများသည်လည်း နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိကြောင်း၊ နိုင်ငံရေးကိစ္စတွင် အစိုးရ၊ ပါတီနှင့် ပြည်သူလူထုများတွင် တာဝန်ရှိကြောင်း၊ သို့သော် နိုင်ငံ၏ စီးပွားရေးကို အစိုးရမှ ဥပဒေပြဋ္ဌာန်း၍ အစိုးရမှ ဦးဆောင်ပြီး ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိကကို ဆောင်ရွက်ခွင့်ပေးခြင်းများကို ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် အစိုးရတွင် လုပ်ဆောင်ရန် တာဝန်ရှိကြောင်း၊ လူမှုစီးပွားတွင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးရှိပြီး ပညာရေးတွင် အားနည်းမှုများရှိကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အတန်းပညာအားနည်းမှုများရှိသဖြင့် မိမိတို့အနေဖြင့် ပညာရေးမြှင့်တင်မှုများကို မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းသည်မြို့ပြတွင် နေထိုင်ကြကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အဓိကလုပ်ဆောင်ကြကြောင်း၊ ကျေးလက်နေကလေးငယ်များ၏ ပညာရေးသည် အားနည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

ပညာသင်ကြားရေးတွင် မူလတန်းပညာရေးကို မသင်မနေရအဖြစ် အခြေခံဥပဒေ၌ ပြဋ္ဌာန်းထားကြောင်း၊ ပြောင်းလဲလာသော ခေတ်အခြေအနေနှင့် နည်းပညာ လိုအပ်ချက်အရ KG + 9 အထိ မသင်မနေရအဖြစ် သတ်မှတ်၍ ပညာရေးကိုမြှင့်တင်ပေးရန်အတွက် မိမိတို့တာဝန်ယူချိန် ကာလအတွင်း ဆောင်ရွက်နေကြောင်း၊ ပညာသင်ကြားရေးနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးများ အားလုံး KG + 9 အထိသင်ကြားနိုင်ရေး နိုင်ငံတော်မှ မျှော်မှန်း ဆောင်ရွက်နေကြောင်း၊ စာသင်ကျောင်းများအားလုံး ကျောင်းအင်္ဂါရပ်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးရန်လိုအပ် သကဲ့သို့ ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းဝတ်စုံများသည်လည်း တစ်ပြေးညီဖြစ်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း။

စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများကို ကလေးငယ်များ သိရှိနားလည်အောင် သင်ကြားဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခင်သမ္မတ ဦးသိန်းစိန်လက်ထက်က ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးငယ်များအတွက် ဒီမိုကရေစီသင်ခန်းစာများ သင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ သင်ခန်းစာများကို မြန်မာထုံးတမ်းစဉ်လာများနှင့် ကိုက်ညီအောင် ဆောင်ရွက်၍ စာသင်ကျောင်းများတွင် ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိများရှိအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒီမိုကရေစီဟုဆိုရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့်ယဉ်ကျေးမှုကို ထိခိုက်မှုမရှိစေနိုင်သည့် ပညာရေးစနစ်မျိုး ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံရေးကို သင်ကြားရန်မဟုတ်ဘဲ ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို သင်ကြားပေးနိုင်မည်ဆိုပါက ကောင်းမွန်သည့် ပညာရေးစနစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ အချို့ပုဂ္ဂလိကကျောင်းများတွင်လည်း နိုင်ငံရေးနှင့် သက်ဆိုင်သည်များကို မသိမသာသင်ကြားနေကြသည်ကို ကြားသိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ စာသင်ကျောင်းများအားလုံးမှ ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားရာတွင် အတန်းတိုင်း အဆင့်တိုင်းတွင် သက်ဆိုင်ရာပညာရပ်များကို တတ်ကျွမ်းမှုရှိအောင် သင်ကြားပေး နိုင်ရန်လိုကြောင်း။

ပညာရေးဝန်ထမ်းများနှင့် ပတ်သက်၍ လစာစရိတ်နှင့် ခံစားခွင့်များ ပိုမိုပေးအပ်ထားကြောင်း၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသအကျိုးအတွက် ပညာရေးဝန်ထမ်းများအပေါ် ကူညီမှုများပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ရန်ပုံငွေများ သုံးစွဲရာတွင်လည်း လက်တွေ့ကျသည့် ပညာရည်မြင့်မားရေးအတွက် အထောက်အကူပြုသည့် ကိစ္စရပ်များတွင်သာ အသုံးပြုကြရန်လိုကြောင်း။

### စီးပွားရေးနှင့်ပတ်သက်၍

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်ခဲ့သဖြင့် စီးပွားရေး ပြန်လည်အားကောင်းအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စီးပွားရေးတွင် ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေးစနစ်နှင့် ဘဏ်စနစ်များ ကောင်းမွန်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ ကုန်သွယ်မှုများဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုမှ လုပ်အားခများ ရရှိမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ မှန်မှန်ကန်ကန် လည်ပတ်နိုင်စေရန်အတွက် ဘဏ္ဍာရေးစနစ်များ မှန်ကန်ရန်လိုကြောင်း၊ မိမိတို့ စတင်တာဝန်ယူချိန်ကာလတွင် ဘဏ်စနစ်များပြိုလဲမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ဘဏ်များအပေါ်တွင် ပြည်သူများယုံကြည်မှုရှိရန်လိုကြောင်း၊ စီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရာတွင် ငွေကြေးစနစ်များ ကောင်းမွန်ရန်လိုကြောင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ကယားပြည်နယ်တို့ရှိ အချို့ဒေသများမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်ထုတ်လုပ်မှုများ ပုံမှန်နီးပါး အခြေအနေ သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း အစွန်အဖျားပိုင်းသည် သွားလာရေးကန့်သတ်ချက်ရှိသဖြင့် PDF များ၊ EAO များ စိတ်ဝင်စားကြောင်း၊ လက်နက်၊ ခဲယမ်းများ ပိုမိုစုဆောင်းလာသည်ကိုတွေ့ရကြောင်း၊ EAO များအနေဖြင့် ၎င်းတို့နယ်မြေပြင်ပတွင် တိုက်ပွဲများဖြစ်ပွားရန် ပိုမိုလိုလား ပုံဖော်နေသည်ကို တွေ့ရ၍ လုံခြုံရေးအသိ၊ သတိနှင့် ဆောင်ရွက်ရန်လိုကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီးပွားရေးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ပြောကြားရာတွင် **“ကိုဗစ်ရောဂါ ကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့ သုံးစွဲဖို့အတွက် စုထားတဲ့ငွေတွေ ရှိတယ်။ ဒါဟာ ၂၀၂၀ လောက်ကတည်းက စစုခဲ့တာပေါ့။ ဘီလီယံပေါင်း ၄၀၀ ကျော် လောက်ရှိတယ်။ အဲ့ဒီမှာလည်း သုံးခဲ့တာလည်း ရှိပါတယ်။ ကိုဗစ်ရောဂါ ကုသရေးတို့ ကာကွယ်ရေးတို့၊ ကိုဗစ်နဲ့ ပတ်သက်ပြီးတော့ အသုံးစရိတ်တွေလည်း ကျွန်တော် အများကြီးပေးခဲ့ပါတယ်။ ပြင်ဆင်မှုကာလတွေ၊ ဆေးရုံတွေ၊ ဘာတွေကအစ အများကြီး ထောက်ပံ့ပေးတယ်။ ဒါပေမယ့် ငွေတွေက တော်တော်များများရှိနေတယ်။ ဒါသာမန်ကျန်းမာရေး အသုံးစရိတ် မဟုတ်ပါဘူး။ ဒါ သီးခြားရှိတဲ့ ငွေတွေပါ။ ငွေဆိုတာကတော့ အိပ်နေတာ မကောင်းဘူး။ လည်ပတ်နေတာ အကောင်းဆုံးပဲ။ အဲ့ဒီတော့ ငွေဆိုတာကတော့ လည်ပတ်သုံးစွဲတာကတော့ ကောင်းတယ်။ ဒီလိုငွေတွေ အိပ်နေမယ့်အစားကို အကျိုးရှိတာ ဘာလုပ်မလဲ ဆိုတဲ့အခါကျတော့ စဉ်းစားတဲ့အခါမှာ ခုနကပြောတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှာ အသုံးချနိုင်ရင် ကောင်းမယ်ဆိုတဲ့ အတွေးလေးဝင်လာတယ်။ ဒါကြောင့် ကျွန်တော် တချို့ဝန်ကြီးတွေနဲ့ တိုင်ပင်ကြည့်တယ်။ ဒါလေး လုပ်ချင်တယ်။ ငွေတွေ ထုတ်သုံးလိုက်မယ်။ သူတို့ ဒါဆိုရင်တော့ ဘယ်လိုခေါင်းစဉ်နဲ့သုံးရင် ဖြစ်နိုင်မယ်ဆိုပြီး သူတို့က ဒါလေးတွေ အကြံပြုကြတယ်။ အဲ့ဒါနဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဆိုပြီးတော့ ပေါ်လာတာဖြစ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းတွေလည်း အကုန်ပေးပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီငွေတွေက နိုင်ငံတော်က ပေးရတဲ့ ငွေဖြစ်တဲ့အတွက်ကြောင့် ဒါတွေက မပျောက်ပျက်သွားဖို့တော့ လိုတာပေါ့။ မပျောက်ပျက်သွားဖို့ဆိုရင် ဒီပိုက်ဆံ ပြန်ဝင်လာဖို့ရာ အစိုးရကို တိုက်ရိုက်ဝင်တာရှိတယ်။ အစိုးရ တိုက်ရိုက်မဟုတ်ဘဲနဲ့ ဒီငွေကို အသုံးချပြီးတော့မှ ပြည်သူ့ရဲ့ဘဝမြင့်မားရေးအတွက်လည်း ဖြစ်လာခဲ့တဲ့ဟာမျိုးကိုလည်း ဖြစ်စေဖို့လိုတယ်။ ဒါကြောင့် ကျွန်တော် နည်းလမ်းနှစ်ခုစဉ်းစားပြီးတော့မှ တစ်အချက်ကတော့ စိုက်ပျိုးရေးနဲ့လုပ်တဲ့ နိုင်ငံတော်ကို ပြန်ပြီးတော့ အထောက်အကူရမယ့်လုပ်ငန်း ဘာနဲ့မီမလဲဆိုပြီးတော့၊ စပါးစိုက်ပျိုးရေးနဲ့ပဲ စိုက်ပျိုးရေးနှစ်ခုသွားတွေ့တယ်။ အဲ့ဒီတုန်းက ကျွန်တော် သုံးခု စဉ်းစားခဲ့တာပေါ့။ ဝါပါ ပါတယ်။ စပါးရယ်၊ ပဲရယ်၊ ဝါရယ် စဉ်းစားခဲ့တာ။ ဒါပေမယ့် ဝါက အချိန်မမီဘူး။ ဝါက အခု စိုက်နေကြပြီ။ မိုးကြိုဝါတွေ စိုက်နေကြပြီဆိုတော့ မမီနိုင်ဘူး။ မမီနိုင်တော့ မီတဲ့လုပ်ငန်း ဘာရှိမလဲဆိုတော့ ပဲနဲ့စပါးရှိတဲ့အတွက်ကြောင့် နွေစပါးနဲ့ပဲတီစိမ်း ပဲနှစ်မျိုးကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲ့ဒါလည်း ပြည်နယ်နဲ့တိုင်းတွေမှာလည်း အကုန်လုံး အထောက်အကူရပါတယ်။ အဲ့ဒါအတွက် အခုကျွန်တော် ကိန်းဂဏန်းတွေ တောင်းကြည့်တယ်။ ဘယ်လောက်ထိ ဖြစ်နိုင်မလဲဆိုပြီးတော့၊ ပြည်နယ်နဲ့ တိုင်းတွေ တင်ပြချက်မှာတော့ ပြည်နယ်နဲ့ တိုင်းအားလုံးနီးပါးလောက်၊ တိုင်းအားလုံးပေါ့၊ တိုင်းကြီးတွေ အားလုံးလောက် ဒါအကုန်လုံး အထောက်အကူရတာကို သွားတွေ့တယ်။ အနည်းနဲ့အများတော့ ကွာပါလိမ့်မယ်၊ သို့သော် တိုင်းကြီးတွေ အားလုံးက အထောက်အကူရတယ်။ ဒါတွေလည်း ဝန်ကြီးချုပ်များ အစီအစဉ်နဲ့ လုပ်ပါဆိုပြီးတော့ ပေးလိုက်ပါတယ်။ နောက်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသတွေကိုလည်း ကျွန်တော်တို့ပေးလိုက်တယ်။ ဒါတွေလည်း သူတို့ကလည်း ဘာလုပ်မလဲဆိုတော့ မြစိမ်းရောင်လုပ်ငန်းနဲ့ လုပ်ဖို့ဖြစ်ပါတယ်။ မြစိမ်းရောင် ကတော့တကယ်ဗျာ။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ သမဝါယမဝန်ကြီးဌာနက အကောင်အထည်ဖော်တာ တော်တော်ကို အောင်မြင်မှုရှိတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အားရစရာ တော်တော်ကောင်းပါတယ်။ ဒါတွေက တောင်သူတွေရဲ့ တကယ့်ဘဝ မြှင့်တင်ရေးကို အများကြီး အထောက်အကူပေးတယ်။ ကျွန်တော်ကတော့ အောင်မြင်အောင် လုပ်ပေးလိုက်တာ။ အမှန်ကတော့ ဒါ Force တစ်ခု ထည့်ပေးလိုက်တာ။ အားဆေးပေါ့ဗျာ။ ဆေးစကားပြောရင်တော့ Booster ထိုးပေးလိုက်တာ။ ဒီလိုပဲ ခုနကပြောတဲ့ ပဲတီစိမ်းနဲ့ နွေစပါးစိုက်တဲ့ဟာကျတော့လည်း ကျွန်တော်တို့က ဒီအပေါ်မှာ ကျွန်တော်တို့က နိုင်ငံတော်က ငွေစိုက်ထုတ်ပေးလိုက်တာ၊ ဒီငွေစိုက်ပေးပြီး ဒီငွေကိုပဲ အကျိုးအမြတ်ရှိအောင်လုပ်ပြီးရင် ဒါကိုပြန်ဆပ်။ ပြီးရင်ရတဲ့ အမြတ်ပေါ်ကနေပြီးတော့ စိုက်ပျိုးရေး၊ ချေးထားတဲ့ စိုက်ပျိုးရေး ထောက်ပံ့ငွေ၊ ချေးငွေယူတဲ့သူကတော့ အဲ့ထဲကနေ ၂၅ ရာခိုင်နှုန်း ပြန်ဆပ်။ ၇၅ ရာခိုင်နှုန်း ယူထား၊ သူကတော့ အကျိုးအမြတ်စားပေါ့လေ။ ပြီးရင် နောက်တစ်သီး ကျလို့ရှိရင် သူက ၂၅ ရာခိုင်နှုန်းပြန်ဆပ်၊ ၇၅ ရာခိုင်နှုန်း သူစား၊ အဲ့ဒီတော့ ၄ သီးစားပြီးလို့ရှိရင် သူ့ရဲ့အကြွေးတွေ အကုန်ကျေသွားမယ်။ ဒီလို ကျွန်တော် မျှော်မှန်းပြီး လုပ်ပေးတာပါ။ ဒါကြောင့် ဒါကိုလည်း ပြည်ထောင်စုဝန်ကြီးဌာနများရော၊ ပြည်နယ်နဲ့တိုင်းဝန်ကြီးချုပ်များရော ပြည်နယ်ဦးစီးအဖွဲ့များရော ဒါတွေကို မှန်မှန်ကန်ကန်နဲ့ အောင်မြင်မှုရှိအောင် လုပ်ပေးကြဖို့ ကျွန်တော်ပြောလိုပါတယ်”** ဟု ပြောကြားသည်။

ဆက်လက်၍ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်း (SME)များကို အားပေးသွားမည်ဖြစ်သကဲ့သို့ ဆန်စက်၊ ဆီစက်နှင့် ပဲခွဲစက် လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ၎င်းလုပ်ငန်းများနှင့်ဆက်စပ်လျက်ရှိသည့် တောင်သူ များနှင့် အလုပ်အကိုင်ဆောင်ရွက်ကြသူများအနေဖြင့်လည်း လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ မြို့ပေါ်နေပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက်လည်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံအတွက် အမှန်တကယ်အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဩဂုတ် ၂၁ ရက်အထိ တစ်နိုင်ငံလုံးတွင် ရောဂါစစ်ဆေးမှုအနေဖြင့် ၈ သန်း ၆ သိန်းကျော်ရှိခဲ့ပြီး ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၆ သိန်း ၁ သောင်းကျော်ရှိခဲ့ကာ သေဆုံးမှု ၁ သောင်း ၉ ထောင်ကျော်ရှိခဲ့ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တပ်မတော်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ စုပေါင်း၍ ၃၂ သန်း ၉ သိန်းကျော်ကို ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးပြီးဖြစ်ကာ တစ်ကြိမ်ထိုးနှံ ပြီးစီးသူ ၃ သန်း ၆ သိန်းကျော်ရှိကြောင်း၊ Booster ဆေးထိုးနှံပြီးစီးသူ ၅ သန်းခန့်ရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံရန် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသူများလည်း ရှိကြောင်း၊ လုံခြုံရေးအရ ထိုးနှံရန် အခက်အခဲရှိသူများကို လုံခြုံရေးဆောင်ရွက်ပေး၍ ထိုးနှံပေးနိုင်သည်ဖြစ်သော်လည်း အချို့မှာမူ ကာကွယ်ဆေးထိုးနှံရန် ကြောက်ရွံ့နေမှုများလည်းရှိကြောင်း၊ ကာကွယ်ဆေးရရှိ အောင်ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပြီး လူ့အသက်ထက်အရေးကြီးသည်မှာ မရှိသည့်အတွက် ကာကွယ်ဆေးထိုးနှံကြစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးတပ်ဖွဲ့မှ ပညာရှင်များ၏ တွက်ချက်မှုအရ ဩဂုတ်လအတွင်း ဖြစ်ပွားမှုနှုန်း ပြန်လည်မြင့်မားလာနိုင်ခြေရှိသည့်အတွက် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများနှင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာစေရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထုတ်လုပ်မှုနှင့် ပတ်သက်၍ Myancopharm ကိုလည်း တိုင်းပြည်၏လိုအပ်ချက်များအလိုက် ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ အမျိုးသားရေး မျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များ ချမှတ်၍ ပန်းတိုင်အဖြစ်ဆောင်ရွက်လျက်ရှိကာ ပန်းတိုင် မပျောက်စေရေးအတွက် အစိုးရအဖွဲ့တွင် အဓိကတာဝန်ရှိပြီး နိုင်ငံရေးပါတီများ၊ နိုင်ငံသူ၊ နိုင်ငံသားများကလည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Moving Forward ဟူသည့်အတိုင်း ရှေ့သို့ဆက်လက်လှမ်းချီသွားရမည်ဖြစ်ကာ တာဝန်ရှိသူများ အားလုံးက မိမိထမ်းဆောင်ရသည့် နေရာဌာနအလိုက် လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းအောင်မြင်မှုရှိစေအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုများ အားလုံး စနစ်ကျရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အစိုးရ၏ အလုပ်သည် တိုင်းပြည်တွင်းရှိသည့် ပြည်သူပြည်သားများအားလုံး သက်သောင့်သက်သာဖြင့် သွားလာနေထိုင် လုပ်ကိုင်စားသောက်နိုင်အောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်မှုရှိရမည်ဖြစ်ပြီး မိမိတို့၏ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် လျှောက်လှမ်းနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံးအနေဖြင့် ကြပ်ကြပ်မတ်မတ်ဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ခရိုင်အသစ်များတိုးချဲ့ ဖွင့်လှစ်ရာတွင် အဓိကကျ၍ မဖြစ်မနေ ဖွင့်လှစ်သင့်သည့် ခရိုင်ရုံးများကို ဖွင့်လှစ်သွားရန်ဖြစ်ပြီး အဓိကအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းတို့တွင် လူမှုစီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလိုအပ်သည့် ရုံးများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

အလားတူ တရားရုံးချုပ်မှ တင်ပြလာသည့် ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများ အသစ်တည်ဆောက်ရေးနှင့် ပတ်သက်၍ အဆောက်အဦအသစ်ဆောက်လုပ်ခြင်းနှင့် ရှိပြီးသည့်အဆောက်အဦကို ပြန်လည်အသုံးပြုခြင်းဟူ၍ နှစ်ပိုင်းရှိကြောင်း၊ အသစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ မြေနေရာရှိပြီးဖြစ်ပါက ဘတ်ဂျက်တွင် ထိုက်သင့်သည့် ပမာဏကို အချိုးကျထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း၊ အခြားနည်းလမ်းမှာ ရှိပြီးသည့်အဆောက်အဦကို ပြင်ဆင်ဖွင့်လှစ်သွားရန်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ထုတ်ကုန်မြှင့်တင်ရေးလိုအပ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ထုတ်ကုန်တင်ပို့မှုတွင် ပဲတင်ပို့မှုများကြောင်း၊ သို့သော် ပဲအထွက်နှုန်း နည်းပါးနေကြောင်း၊ ထို့အတူ စပါးအထွက်နှုန်းလည်း နည်းနေသေးကြောင်း၊ အာဆီယံတွင် မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် အဓိကစပါးတင်ပို့သည့် နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် FAO အစီရင်ခံစာအရ စပါးစိုက်ဧကတွင် ဟက်တာ ၆ ဒသမ ၆၅ သန်းရှိကြောင်း၊ ထိုင်းနိုင်ငံသည် ၁၀ ဒသမ ၄ သန်း စိုက်ပျိုးကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ၇ ဒသမ ၂ သန်း စိုက်ပျိုးကြောင်း၊ အထွက်နှုန်းကို ကြည့်ပါက မြန်မာနိုင်ငံသည် ၂၅ သန်း၊ ထိုင်းနိုင်ငံသည် သန်း ၃၀ နှင့် ဗီယက်နမ်နိုင်ငံသည် ၄၂ ဒသမ ၇၅ သန်း ထွက်ရှိကြောင်း၊ ဗီယက်နိုင်ငံသည် တစ်နှစ်လျှင် စပါးကို သုံးသီးစိုက်ပျိုးသည့် နိုင်ငံဖြစ်သည်ဟု သိရကြောင်း၊ မိမိတို့နိုင်ငံတွင် နွေစပါးကို တစ်ဧက တင်း ၁၀၀ နှုန်းနှင့် မိုးစပါးကို တစ်ဧက တင်း ၈၀ နှုန်း ထွက်ရှိအောင် ပန်းတိုင်ရည်မှန်းချက်ပေးထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တောင်သူလယ်သမားများအနေဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ စပါးအထွက်နှုန်းတိုးပြီး နိုင်ငံတကာသို့ ပိုမိုတင်ပို့ရောင်းချနိုင်ပါက တိုင်းပြည်၏ ဝင်ငွေပိုမိုရရှိနိုင်ပြီး တောင်သူလယ်သမားများလည်း များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဧက အထွက်နှုန်းတိုးတက်ရေးသည် အဓိကကျပြီး အရေးကြီးကြောင်း။

ထို့ပြင် ရသင့်ရထိုက်သည့် အခွန်အခများ ရရှိရန်နှင့် အခွန်ကောက်ခံသည့် နယ်ပယ်ကို ချဲ့ထွင်ရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ မရှိအောင် ထိန်းချုပ်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် သေချာစွာ စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခွန်တိမ်းရှောင်မှုများမှ အခွန်ငွေများရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ငွေကြေးတန်ဖိုး မြင့်တက်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှ ရသင့်ရထိုက်သည့် အခွန်အခများ ရရှိအောင် လုပ်ဆောင်ပြီး တစ်ဖက်မှလည်း တိုင်းပြည်ဝင်ငွေ တိုးပွားအောင်လုပ်ဆောင်၍ တိုင်းပြည်စီးပွားရေးတည်ငြိမ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းအခြေအနေကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့၏ လုပ်ဆောင်မှုသည် မှတ်ကျောက်တင်ခံရနိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများအနေဖြင့် စိတ်သစ် လူသစ်ဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ▣ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ထုတ်ကုန်မြှင့်တင်ရေးလိုအပ်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံ၏ ထုတ်ကုန်တင်ပို့မှုတွင် ပဲတင်ပို့မှုများကြောင်း၊ သို့သော် ပဲအထွက်နှုန်းနည်းပါးနေကြောင်း၊ ထို့အတူ စပါးအထွက်နှုန်းလည်း နည်းနေသေးကြောင်း၊ အာဆီယံတွင် မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် အဓိကစပါးတင်ပို့သည့် နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် FAO အစီရင်ခံစာအရ စပါးစိုက်ဧကတွင် ဟက်တာ ၆ ဒသမ ၆၅ သန်းရှိ

# ဆေးရုံ၊ ဆေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန် အသိပေးမိတ်ဆက်

**နေပြည်တော် ဩဂုတ် ၂၂**

ဆေးရုံ၊ ဆေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဆိုင်ရာ လုပ်ငန်းလမ်းညွှန် (Guidelines on WASH in Health Care Facilities) အား အသိပေး မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေး၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးရည်မှန်းချက် (SDG Goals) များကို ပြည့်မီစေရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustain-able Development Plan (MSDP) 2018-2030) ၏ ပန်းတိုင်များ ပြည့်မီစေရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ကျေးလက်ဒေသများ၊ ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ် ရေသန့်ရှင်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆-၂၀၃၀)ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဆိုပါမဟာဗျူဟာ ရည်မှန်းချက်များအနက် ဆေးရုံ၊ ဆေးခန်းများရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ရည်မှန်းချက်များကို ရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း။



ဆေးရုံ၊ ဆေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာအစီရင်ခံစာ (၂၀၂၀) အရ ဆေးရုံ၊ ဆေးခန်းများ စသည့်ကျန်းမာရေးဌာနများ၏ လေးပုံတစ်ပုံသည် လုံလောက်သည့်ရေကို မရရှိသည့်အတွက်ကြောင့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအပါအဝင် ကမ္ဘာ့လူဦးရေ ၁၈ ဘီလီယံခန့်သည် မသန့်ရှင်းသော ရေမှတစ်ဆင့် ရောဂါကူးစက်မှုဖြစ်နိုင်ခြေကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အဆိုပါကျန်းမာရေးဌာနများ၊ ဆေးရုံ၊ ဆေးခန်းများအနက် ၁၀ ရာခိုင်နှုန်းခန့်သည် သန့်ရှင်းရေးနှင့် ပတ်သက်သည့် ဝန်ဆောင်မှုများကို မရရှိကြောင်း၊ ၎င်းတို့အနက် သုံးခုတွင် တစ်ခုသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်နေရာတွင် လုံလောက်သည့် လက်သန့်စင်ရာနေရာများ (hand hygiene stations) မရှိသည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင်ရှိသည့် ဆေးရုံ၊ ဆေးခန်းများ၊ ကျန်းမာရေးဌာနများအနေဖြင့် ယခုလုပ်ငန်းလမ်းညွှန်နှင့်အညီ လုပ်ငန်းများကို ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှလည်း ယခုလုပ်ငန်းလမ်းညွှန်ပါ လမ်းညွှန်ချက်များအတိုင်း မိမိတို့ ဒေသအလိုက် ဆေးရုံ၊ ဆေးခန်းများ၊ ကျန်းမာရေး ဌာနများတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ကြိုးပမ်းကြစေ လိုကြောင်း၊ ယင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍ၊ ဆေးရုံ၊ ဆေးခန်းများတွင်လည်း ယခု လုပ်ငန်းလမ်းညွှန်အတိုင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရေရရှိရေးအတွက် ကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာနခွဲများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ပေးရန် လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် စည်ပင်သာယာရေးကော်မတီများမှလည်း ဆက်လက်၍ ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေးဌာနခွဲ) ဒေါက်တာ ကေခိုင်အေးက လုပ်ငန်းလမ်းညွှန်နှင့် ပတ်သက်၍ ခြုံငုံရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးရုံ၊ ဆေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်သက်၍ ခင်းကျင်းပြသထားသော ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

# အမိနိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် အတူတကွနေထိုင်နေကြသူများ ဖြစ်သည့်အတွက် နိုင်ငံ့အရေးကို စိတ်တူကိုယ်တူ တစ်သွေးတည်းတစ်သားတည်း ကြိုးပမ်းဆောင်ရွက်ကြရမည်

**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

### တက်ရောက်

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ ရခိုင်ပြည်လွတ်မြောက်ရေး ပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့နှင့်အတူ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေး ပါတီ (ALP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်စိုးမြတို့ တက်ရောက်ကြသည်။

### နိုင်ငံရေးမျှော်မှန်းချက်

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေး မျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ **ဒေသနှင့် တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ယခုထက် ပိုမိုပါဝင်လာရန်လိုအပ်သည့်** အခြေအနေများ၊ ထိုသို့ အနာဂတ်တွင် တိုင်းရင်းသားများ နိုင်ငံရေးစင်မြင့်ပေါ်သို့ ရောက်ရှိလာစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ လွှတ်တော်အတွင်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေး ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီ အမျိုးအစားအလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ **အမိနိုင်ငံတော်တည်းဟူသော အရိပ်အာဝါသအောက်တွင် အတူတကွပေါင်းစည်းနေထိုင်ကြသူများ ဖြစ်သဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုပါက တစ်သွေးတစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူ သဘောထားတူညီစွာ အတူတကွလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည့်** အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) တို့ကို အခြေခံ၍ ငြိမ်းချမ်းရေး လမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည် ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

- **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
- **ဒေသနှင့် တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ယခုထက် ပိုမိုပါဝင်လာရန် လိုအပ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

### စစ်မှန်သည့်စေတနာ

ထို့နောက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် အဖွဲ့ဝင်များက **လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်၍ မရနိုင်သည်ကို နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်**သည့် အခြေအနေများ၊ **တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်**သည့် အခြေအနေများ၊ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအစိုးရနှင့် တပ်မတော်က ရဲရဲဝံ့ဝံ့ တာဝန်ယူ၍ ဆောင်ရွက်သွားနိုင်မည့်အခြေအနေ ကောင်းဖြစ်ပေါ်နေမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ တိုင်းပြည်၊ ပြည်သူလူထုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ထားရှိသည့် စစ်မှန်သည့် စေတနာကို ပိုမိုထင်ရှားစွာ *စာမျက်နှာ ၈ သို့*

# ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေး သစ်ပင် ၁၈၁၃၅၇ ပင်ကို စိုက်ပျိုးခဲ့

**နေပြည်တော်  ဩဂုတ်  ၂၂**

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည် မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှသင်တန်းသားအရာရှိကြီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**စုပေါင်းသစ်ပင်စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ဂေဟစနစ်ထိန်းသိမ်းရေး**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၂၁၅၂ ပင်၊ ပိတောက်ပင် ၁၀၇၆ ပင်နှင့် အရိပ်ရလေကာပင် မန်ကျည်းရှား ၈၀၇ ပင်၊ တမလန်းပင် ၂၆၉ ပင်၊ စုစုပေါင်း ၄၃၀၄ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၁၃၅၇ ပင်ကို စိုက်ပျိုးခဲ့ပြီး ဖြစ်သည်။

*စာမျက်နှာ ၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျွန်းပင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန် လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

*စာမျက်နှာ ၆ မှ*

သိမြင်လာစေရေး ဆောင်ရွက်နေမှုများ၊ ယခုကဲ့သို့ ငြိမ်းချမ်းရေးဆွေးနွေး ဆောင်ရွက်နေချိန်တွင် ဆင်ဖြူရတနာ ပေါ်ထွန်းလာမှုသည်လည်း နိုင်ငံအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိတ်၊ နိမိတ်ကောင်းဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် တိုင်းရင်းသားဒေသများအနေဖြင့်လည်း ယင်းအခွင့်အရေးကို အမိအရ ရယူပြီး အပြည့်အဝအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်စေလိုသည့်** အခြေအနေများ၊ နယ်မြေဒေသတစ်ခုတည်းနှင့် တိုင်းရင်းသားမျိုးနွယ်စု တစ်ခုတည်း၌ပင် မတူညီသည့် သဘောထားအမြင်နှင့် ရပ်တည်ချက်များ ရှိနိုင်မည်ဖြစ်သည့်အတွက် တူညီသောသဘောထားအမြင်များရရှိစေရေး ဆွေးနွေးအဖြေရှာ၍ ဒေသမှတစ်ဆင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအထိ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်း ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ **တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ပြည်ထောင်စု နိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်**သည့် အခြေအနေများ၊ ယခု ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုပြီးလျှင်လည်း ရရှိလာသည့် သဘောထားဆန္ဒများအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် နိုင်ငံရေးလမ်းကြောင်းပုံစံအတွက် ကြိုတင်သဘောတူညီမှုများ ရယူခြင်း၊ ညှိနှိုင်းခြင်းများအား အချိန်ယူ၍ အသေးစိတ် ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေးအတွက် ငွေကျပ်ဘီလီယံ ၃၃၀ အား နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ခွင့်ပြုထားပြီး လက်တွေ့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည် ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်များက လက်ခံရယူကြပြီး ဒေသထွက် လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ဆက်လက်ပြုလုပ်သွားမည်**

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ပင် ၂၁၅၅၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၇၇၈၁ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၁၀၀၆၇ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၁၈၆ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၂၂၄၃ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၇၆၉၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၄၀၀၇ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၀၅၈ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၈၂၄၈ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၄၆၄ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၅၃၈၉ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ပင် ၉၂၆၀၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၂၉၈၃၄ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၁၅၈၄ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်း၌ စိုက်ပျိုးသည့် ၄၃၀၄ ပင် အပါအဝင် တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၃၀၆၇၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ကျွန်းပင်စိုက်ပျိုးပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း



နေပြည်တော် ဩဂုတ် ၂၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ လမ်းညွှန် မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနအဖွဲ့အစည်း (၁၉)ခုမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ဝဲပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ (၆) လပတ်ကာလ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ဌာနအကြီးအကဲများက ဌာနအလိုက်ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းအင်အားအခြေအနေ၊ ဘဏ္ဍာငွေ ရှာဖွေနိုင်မှုနှင့် သုံးစွဲမှု၊ စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု၊ ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားရေး လေ့ကျင့်သင်ကြားမှုများ၊ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်မှု၊ အသစ်ရေးဆွဲမှု၊ (၆) လပတ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှု၊ အထွေထွေ ကိစ္စရပ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဌာနအလိုက် ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ အောင်မြင်စေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်သင့်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းအားကစားကွင်းမရှိသည့် ကျောင်းများအနေဖြင့် မြေနေရာစံသတ်မှတ်ချက်များကို တိုင်းတာ၍ တင်ပြစေလို

နေပြည်တော် ဩဂုတ် ၂၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားခဲ့သည်များကို ထပ်ဆင့်ရှင်းလင်းမှာကြားဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ၌ ကျင်းပသည်။** (ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်မှ ၁၀ ရက် အထိ ကျင်းပခဲ့သောခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပညာရေးနှင့် ပတ်သက်သောလမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးကို အထူးအားပေး မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အစည်းအဝေးပေါင်းများစွာတွင်လည်း ပညာရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ပြောကြားခဲ့ပါကြောင်း၊ ပညာရေးအားနည်းချက်များကို ကုစားနိုင်ရန် ပညာရေးတာဝန်ရှိသူများနှင့် ပညာရေးမိသားစုများအားလုံး ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အဖြစ်သဘောလုပ်ခြင်းမဟုတ်ဘဲ ရေရှည်ကြည့်၍ လုပ်ကိုင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ရောက်စေရေး၊ အမှန်တကယ် ပညာတတ်မြောက်စေရေး၊ အနည်းဆုံးအလယ်တန်းအဆင့်နှင့်အထက် သင်ယူပြီးမြောက်စေရေးနှင့် ကျောင်းများတွင် အခကြေးငွေများကောက်ခံမှုမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းအားကစားကွင်းရှိရန်လိုအပ်ပါကြောင်း၊ ကျောင်းအားကစားကွင်း မရှိသည့်ကျောင်းများအနေဖြင့် မြေနေရာ စံသတ်မှတ်ချက်များကို တိုင်းတာ၍ တင်ပြစေလိုပါကြောင်း။

အခြေခံပညာနှင့်ပတ်သက်၍ အတန်းကူးပြောင်းမှုရာခိုင်နှုန်း မှန်ကန်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပေါင်းစည်း အထက်တန်းကျောင်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးကိစ္စသည် ဝန်ထမ်းတိုင်း၊ လူတိုင်းနှင့်သက်ဆိုင်၍ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုပါကြောင်း၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင်ပါဝင်ကြသည့် ကျောင်းသားကျောင်းသူများအတွက် လိုအပ်လျှင် ကုစားပံ့ပိုးသင်ကြားမှုများဆောင်ရွက်ပေးရန် လိုပါကြောင်း၊ ဌာနဆိုင်ရာလုပ်ဖော်ကိုင်ဖက်အချင်းချင်း ဆက်ဆံရာတွင် တစ်ဦးနှင့်တစ်ဦး မေတ္တာထား၍ ဆောင်ရွက်ကြစေလိုပါကြောင်း၊ မိုးရာသီကာလဖြစ်၍ ရာသီတုပ်ကွေး၊ ကိုဗစ်ရောဂါစသည်များ မဖြစ်ပွားစေရန်အတွက် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ထပ်ဆင့်ရှင်းလင်း၍ အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းများကို ထိရောက်စွာပို့ချသင်ကြားနိုင်ရေးအတွက် စနစ်တကျကြီးကြပ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့် ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်နှင့် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က ဦးစီးဌာနအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မျိုးဆက်သစ်များ မှန်ကန်သောအတွေးအခေါ်များရှိစေရန်နှင့် လမ်းကြောင်းမှန်ပေါ်ရောက်အောင် ပြုစုပျိုးထောင်

နေပြည်တော် ဩဂုတ် ၂၂

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာစိုးဝင်းနှင့် လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံမိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီ တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာ စိုးဝင်းက လူငယ်များသည် တိုင်းပြည်၏ အနာဂတ်မျိုးဆက်သစ်များ ဖြစ်သည့်အတွက် မှန်ကန်သောအတွေးအခေါ်များရှိစေရန်နှင့်လမ်းကြောင်းမှန်ပေါ်ရောက်အောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ လူငယ်များကို အနာဂတ်တွင် ပညာရည်ထူးချွန်ပြီး အကျင့်စာရိတ္တနှင့် စည်းကမ်းကောင်းမွန်သော လူတော်လူကောင်းများ ဖြစ်လာစေရေး၊ ထူးချွန်ထက်မြက်သော ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်အတွက် ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများ အချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီဖေးမပြီး ဌာန၏လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် ပိုမိုအောင်မြင်တိုးတက်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လူတိုင်းတွင် တန်ဖိုးနှင့်အရည်အချင်းများ ကိုယ်စီရှိကြကြောင်း၊ မိမိတို့အား ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် စေတနာထားပြီးလုပ်ငန်းများ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်ရေးရာဦးစီးဌာနရှိ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဌာနခွဲ၊ လူ့စွမ်းအား အရင်းအမြစ်၊ လေ့ကျင့်ရေးနှင့် အသိပညာပေးဌာနခွဲ၊ သတင်းပြန်ကြားရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနခွဲနှင့် မသန်စွမ်းလူငယ်များဌာနခွဲတို့မှ အရာထမ်း/ အမှုထမ်းများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ဆက်လက်၍ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက လုပ်ငန်းများဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနား အပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဌာနခွဲအလိုက်ရုံးခန်းဖွင့်လှစ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစာပေ တစ်သက်တာဆု၏ အတိတ်ခြေရာ

မောင်ဆွေငယ်

**၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ၄-၁၂-၂၀၂၁ ရက် (မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော်နေ့) စနေနေ့၊ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မြဝတီမီဒီယာစင်တာ၌ ကျင်းပခဲ့ပြီးဖြစ်သည်။**

ယခင့်ယခင်က မြန်မာ့အသံ မြက်ခင်းပြင်တွင် ကျင်းပခဲ့သည်။ ထိုစဉ်က မြန်မာ့ရုပ်မြင်သံကြားမပေါ်သေး။ နောင်တော့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံဟောင်းနှင့် ယင်း၏တစ်ဖြစ်လဲ အမျိုးသားဇာတ်ရုံသစ်ကြီးတွင်လည်း ကျင်းပခဲ့သည်။ မြန်မာ့အသံ မြက်ခင်းပြင်နှင့် အမျိုးသားဇာတ်ရုံအဟောင်းမှာ ဖြစ်စေ၊ အသစ်မှာဖြစ်စေ ကျင်းပရာ နေရာတိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖျော်ဖြေတင်ဆက်မှုများ ရှိခဲ့သည်။ အငြိမ့်ကတော့ အမြဲတမ်းပါသည်။ လူရွှင်တော်ကြီးများက စာပေဆိုင်ရာ ဟာသပြက်လုံးများကိုလည်း ထုတ်သည်။ ဆုရစာရေးဆရာများ၏ ပြောပုံ၊ ဆိုပုံ၊ ဟန်ပန်အမူအရာတွေကိုလည်း ဟာသလုပ်သည်။ တစ်ချိန်လုံး အူနှိပ်ရယ်နေရသည်ကို ပြန်ပြောင်းအမှတ်ရမိသည်။

တစ်ခါတစ်ရံ စာပေသမိုင်းမှီးသည့် ဇာတ်ကြီးများ၊ ရုပ်ရှင်ဇာတ်ကားများကိုပင် ထည့်သွင်းဖျော်ဖြေတတ်သည်။ ရန်ကုန်တိုင်းအတွင်းရှိ စာရေးဆရာများကို အကုန်ဖိတ်သည်။ ဖိတ်စာပါလျှင် ကြိုက်သူလာတက်၍ ရသည်။

## လွမ်းမောစရာ အတိ

နောင်တော့ ခေတ်၏အရွေ့တွေ များလာသည်။ နေရာအမျိုးမျိုး ပြောင်းလာရသည်။ ဟိုတယ်ကြီးများမှာပင် ကျင်းပလာခဲ့သည်။ နောက်ပိုင်း စာရေးဆရာတိုင်းကို မဖိတ်တော့။ မြို့နယ်စာပေဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကိုသာဖိတ်ပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့်သာ ဆင်နွှဲကြရတော့သည်။ ဤအကြောင်းပြန်ပြောရလျှင် လွမ်းမောစရာ အတိသာ။

၂၀၂၀ ပြည့်နှစ်အတွက် စာရေးဆရာကြီး ဦးမောင်မောင်လတ်(နောင်)၊ ဦးစိန်လှိုင်(သူရဇော်) နှင့် ဆရာမ ဒေါ်ချိုချိုတင် (မစန္ဒာ) တို့က အမျိုးသားစာပေတစ်သက်တာဆုကို ဆွတ်ခူးရရှိခဲ့သည်။

၂၀၀၁ ခုနှစ်မှစ၍ ယခုနှစ် ၂၀၂၁ ခုနှစ်တွင် ချီးမြှင့်သည့် ၂၀၂၀ ပြည့်နှစ်(အတွက်) အထိ စာရေးဆရာနှင့် စာပေပညာရှင်များ စုစုပေါင်း ၃၄ ဦးပင် ရှိခဲ့ပေပြီ။

ဤအကြောင်းတို့ကို တွေးရင်းမှ အမျိုးသားစာပေတစ်သက်တာဆု စတင်မွေးဖွားရာ၊ တစ်နည်းအားဖြင့် ထိုဆုကြီး၏ အတိတ်ခြေရာကို ကောက်ကြောင်းလိုက်မိသည်။

ကနဦး စီစဉ်ကြံဆကြသူများအဖြစ် ဗိုလ်ချုပ်ကြည်အောင် (ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး)၊ ဆရာဦးမျိုးသန့် (မောင်ဆုရှင်)၊ ဆရာကြီး ဒေါက်တာသော်ကောင်း၊ ဦးတင်ခ (တက္ကသိုလ်တင်ခ) တို့ကို ရည်ညွှန်းရမည်ဖြစ်ပါသည်။




စာရေးသူမှာ တာဝန်ယူ အကောင်အထည်ဖော်ရသူဖြစ်ပါသည်။

## ကိုယ်ရည်သွေးရခြင်းမဟုတ်

၎င်းတို့အနက် အမျိုးသားစာပေ တစ်သက်တာဆု ဖြစ်ပေါ်လာရသည့် အဓိကဇာတ်ဆောင်နှစ်ဦးကို ပြောရလျှင် ဆရာကြီးဦးလှကြိုင် (ပါရဂူ) နှင့် ဗိုလ်ချုပ်ကြည်အောင်တို့ကို ညွှန်းဆိုရပါမည်။

ပို၍ပေါ်လွင်စေရန် တင်ပြရပါမူ ထိုခေတ်ထိုအခါက နိုင်ငံရေးအခြေအနေနှင့် အခင်းအကျင်းကို ဦးစွာဖော်ပြမှ ပြည့်စုံပါမည်။ စာရေးသူ၏ ကိုယ်တိုင် ပါဝင်ရမှုကိုမူ မဖော်၍ မဖြစ်သဖြင့် ဖော်ပြရပါမည်။ ကိုယ်ရည်သွေးရခြင်း မဟုတ်ပါဟု ရိုးသားစွာ မေတ္တာရပ်ခံလိုပါသည်။

မြန်မာနိုင်ငံ၏ အမျိုးသားစာပေဆု ဖြစ်ပေါ်လာပုံမှာ ထိုင်းနိုင်ငံ၌ နှစ်စဉ်ကျင်းပလေ့ရှိသည့် 'အရှေ့တောင်အာရှ စာပေဆု' နှင့် နွှယ်ခဲ့လေသည်။ သို့ဖြစ်ပေရာ အရှေ့တောင်အာရှစာပေဆုအကြောင်းကို အကျဉ်းအားဖြင့် ဖော်ပြပါမှ ပြည့်စုံပါမည်။

အများသိကြသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of South East Asian Nations) ကြီးကို ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အာဆီယံ (ASEAN) အသင်းကြီးဟု ထင်ရှားပါသည်။ စတင်ဖွဲ့စည်းစဉ်က အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်ဟူ၍ နိုင်ငံပေါင်း ငါးနိုင်ငံသာ ရှိခဲ့သည်။ နောင်မှ နိုင်ငံများအသီးသီးအဖွဲ့ဝင်ဖြစ်လာကြသော်လည်း မြန်မာနိုင်ငံ မပါဝင်ခဲ့ပေ။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်ကျမှ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာသည့် မြန်မာနိုင်ငံအား အသိအမှတ်ပြု ဂုဏ်ပြုသောအားဖြင့် အနီးစပ်ဆုံး အခါသမယဖြစ်သည့် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလတွင် ချီးမြှင့်သော အရှေ့တောင်အာရှ စာပေဆု အခမ်းအနားသို့ ဖိတ်ခေါ်ဂုဏ်ပြုခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံက ပထမဦးဆုံး ရွေးချယ်စေလွှတ်ခံရပြီး ဆုလက်ခံရသူမှာ စာရေးဆရာကြီးဆင်ဖြူကျွန်း အောင်သိန်း (ဦးကြည်အေး) ဖြစ်ပါသည်။ ၁၉၉၉ ခုနှစ်အတွက် ရွေးချယ်ခံရသူမှာ ဆရာကျော်အောင် (ဦးကျော်အောင်) ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်အတွက် ရွေးချယ်ခံရသူမှာ ဆရာမကြီး စောမုံညင်း (ဒေါ်ရင်ရင်) ဖြစ်ပါသည်။ ၂၀၀၁ ခုနှစ်အတွက် ရွေးချယ်စေလွှတ်ခံရသူမှာ ဆရာတက္ကသိုလ်ထင်ကြီး (ဦးတင်မောင်) ဖြစ်ပါသည်။

ကျွန်တော်သည်ကား ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လလယ်အထိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၏ ထိုစဉ်က အထူးဖွဲ့စည်းပေးထားသည့် 'သတင်းနှင့် အချက်အလက် စုဆောင်းမှတ်တမ်းတင်ရေး ဌာနစိတ်' (Data Collection and Recording Section – DCRS) တွင် တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါသည်။ ကျွန်တော်လုပ်ဆောင်ရသည့် မူလတာဝန်များအပြင် အရှေ့တောင်အာရှ စာပေဆုကိစ္စရပ်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းရေးသားပြုစုရခြင်း၊ ဆုယူမည့် စာရေးဆရာကြီးများ၏ လက်ရာအချို့ကို ဘာသာပြန်ပေးရခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရခြင်း၊ နိုင်ငံကူးလက်မှတ်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရခြင်းတို့ကို ကျွန်တော်ကပင် တာဝန်ယူရသည်။

## ဆက်သွယ်ရေးအရာရှိအဖြစ် ဆောင်ရွက်ပေးရ

ထိုစဉ်က ဆုလက်ခံမည့်သူ ပြောရမည့် မိန့်ခွန်းကို အင်္ဂလိပ်ဘာသာနှင့် ရေးပေးလိုက်ရုံနှင့် မပြီးပါ။ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပို့၍ နိုင်ငံခြားရေးရာ မူဝါဒကော်မတီ (Foreign Affairs Policy Committee) သို့ တင်ပြပြီး အတည်ပြုချက်ရယူရသည်။ အတိုကောက်အားဖြင့် FAPC ဟု လူသိများပါသည်။ ထို့ပြင် ဆုရ စာရေးဆရာကြီးများနှင့်အတူ စကားပြန်အဖြစ် သော်လည်းကောင်း၊ ဆက်သွယ်ရေးအရာရှိအဖြစ် သော်လည်းကောင်း နှစ်စဉ်လိုက်ပါဆောင်ရွက်ပေးရသည်။ (၂၀၀၁ ခုနှစ်အတွက် ဆုလက်ခံရယူသူ ဆရာတက္ကသိုလ်ထင်ကြီး၏ ခရီးစဉ်တွင်မူ ဆရာမောင်မြင့်ကြွယ်က လိုက်ပါသွားသည်။)

၂၀၀၂ ခုနှစ်အတွက် အရှေ့တောင်အာရှ စာပေဆု လက်ခံရယူရန် ရွေးချယ်ခံရသူမှာ ဆရာကြီးပါရဂူ (ဦးလှကြိုင်) ဖြစ်ပါသည်။ ကျွန်တော် စာပေဗိမာန်ရောက်ပြီးသည်မှစ၍ စာပေဆု ကိစ္စရပ်များအပြင် အခြား စာပေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆရာပါရဂူနှင့် များစွာရင်းနှီးခဲ့သည်။ ကျွန်တော်က သူ့ကို ချစ်စနိုးဖြင့် 'ဘပါ' ဟု ခေါ်လေ့ရှိသည်။ သို့နှင့် ယခင်ပုဂ္ဂိုလ်များနည်းတူ သူ့အတွက် ဘာသာပြန်ခြင်း၊ မိန့်ခွန်းရေးခြင်း၊ နိုင်ငံကူးလက်မှတ်ကိစ္စဆောင်ရွက်ခြင်းတို့ကို လုပ်ကိုင်ပေးရပါတော့သည်။

ဆရာပါရဂူ ရွေးချယ်ခံရသည့်အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျွန်တော် မရှိတော့ပါ။ စာပေဗိမာန်သို့ စာတည်းမှူးချုပ်တာဝန်ဖြင့် ပြန်ရောက်နေသည်မှာ နှစ်နှစ်ပင်ပြည့်ခဲ့ပြီ။ ဆရာပါအတွက် လုပ်ဆောင်ပေးရသည်မှာ အားလုံးအဆင်ပြေသည်။ စက်တင်ဘာလတွင် ထိုင်းနိုင်ငံသို့ ထွက်ခွာရန် စောင့်ဆိုင်းနေရုံပင်။ သို့သော် အခြေအနေတို့ကား ပြောင်းကုန်သည်။ အရင်းခံကိုတော့ တင်ပြမှ ပြည့်စုံမည်ထင်ပါသည်။

အရှေ့တောင်အာရှ စာပေဆုများကို ၁၉၉၈၊ ၁၉၉၉၊ ၂၀၀၀ နှင့် ၂၀၀၁ ခုနှစ်များအတွက် ဆက်တိုက် လက်ခံခဲ့သော်လည်း ဆရာပါရဂူ ရယူမည့် ၂၀၀၂ ခုနှစ်အတွက်ကျမှ အစိုးရက မူပြောင်း၍

*စာမျက်နှာ ၁၁ သို့*

> **အမျိုးသားစာပေ တစ်သက်တာဆုသည် မိမိ၏ ဘဝတစ်သက်တာပတ်လုံး စာပေတွင်မြှုပ်နှံပြီး ကိုယ်ကျိုးစီးပွားအလေးမထားဘဲ စာပေနှင့်မွေ့လျော်ကာ စာပေနှင့်သာ အသက်မွေးဝမ်းကျောင်းပြုရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို စာပေစွမ်းပကားဖြင့် တစိုက်မတ်မတ် သယ်ပိုးထမ်းရွက်လျက်ရှိသည့် စာပေပညာရှင်ကြီးများကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည့်အတွက် စာပေလောကအတွက် အမြင့်ဆုံး၊ တန်ဖိုးအရှိဆုံးစာပေဆုဟု ဆိုရမှာဖြစ်**

**ကောင်းသော အစဉ်အလာတစ်ရပ်ကို အစဉ်အဆက် ဆက်လက်သယ်ဆောင်သွားရင်း ပို၍ ကောင်းသည်ထက် ကောင်းအောင် အရောင်တင်ကြရမည်မှာ နှောင်းလူတို့၏ တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ စာပေဆုများဟု တွင်ခဲ့လေသော စာပေဗိမာန်ဆု (၁၉၄၈-၁၉၆၁)၊ အနုပညာဆိုင်ရာဆု (၁၉၆၂-၁၉၆၄) တို့ကို ဆက်လက်ထိန်းသိမ်းလာခဲ့ရာ ယနေ့ အထင်အရှားရှိနေသည့် 'အမျိုးသားစာပေဆု' ဟူ၍ ထွန်းတောက်နေခြင်းဖြစ်ပါသည်**

*စာမျက်နှာ ၁၀ မှ*

ငြင်းပယ်ခဲ့ပါတော့သည်။ 'ဘပါ' ခမျာ ထီပေါက်ပြီး ထီလက်မှတ်ပျောက်ခဲ့ရလေသည်။

မည်သည့်အကြောင်းကြောင့်ဟု ဖော်ပြခဲ့ခြင်း မရှိသော်လည်း ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်း (အောက်တိုဘာလ ၇ ရက်ဟု ထင်ပါသည်။) တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံး အစီးခံရသည့် ပြဿနာ၏ နောက်ဆက်တွဲကြောင့် ထင်ပါသည်။ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလတွင် ဆရာကျော်အောင် အရှေ့တောင်အာရှစာပေဆု သွားယူသည့်အခါ ကျွန်တော်ပါ လိုက်ပါသွားခဲ့သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီး မကြာမီမှာပင် ဤသတင်းကို ကြားခဲ့ရသည်။ ထိုစဉ်က နိုင်ငံပိုင်သတင်းစာများတွင် ယင်းကိစ္စရပ်နှင့် ပတ်သက်၍ တော်တော်များများ ရေးသားဖော်ပြခဲ့ကြသည်။ ဤကား စာရေးသူ၏ ထင်ကြေးဖြစ်ပါသည်။ သို့ရာတွင် ထိုင်းနိုင်ငံက နှစ်စဉ်မပျက် ဖိတ်ခေါ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၁ ခုနှစ်တို့အတွက် ခွင့်ပြုခဲ့သော်လည်း ၂၀၀၂ ခုနှစ်အတွက် ကျမှ ငြင်းပယ်လိုက်ခြင်း ဖြစ်သည်။

ဆရာပါရဂူကား သိပ်ပြီးထူးထူးခြားခြား ခံစားရပုံ မပေါ်ပါ။ "မသွားနဲ့ ဆိုတော့လည်း မသွားရုံပဲ ရှိတာပေါ့ ကိုလှိုင်ရာ" ဟု စာရေးသူအား ပြုံးပြုံးကလေး ပြောနေသော 'ဘပါ' ၏ မျက်နှာကို ယနေ့တိုင် မြင်ယောင်မိပါသေးသည်။

### ထူးကဲသော စာပေဆု

သို့ရာတွင် ဆရာပါရဂူ၏ ကိစ္စအတွက် အထူးစိတ်မကောင်းဖြစ်နေသူမှာ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဖြစ်သူ ဗိုလ်ချုပ်ကြည်အောင်ပင်။ ဗိုလ်ချုပ်ကြည်အောင်သည် ဆရာပါရဂူကို အထူးလေးစားသူဖြစ်ပြီး ဆရာပါရဂူ၏ စာအုပ်များစွာကို ဖတ်ထားသူလည်း ဖြစ်သည်။ နိုင်ငံတော်၏မူအရ အရှေ့တောင်အာရှစာပေဆုကို သွားရောက်မယူဖြစ်ခဲ့သော်လည်း အလားတူ စာပေဆုမျိုး၊ သူ့ထက်ပင် ထူးကဲသော စာပေဆုမျိုး မြန်မာနိုင်ငံတွင် တီထွင်၍ပေးရန် စဉ်းစားမိသည်။

ဤကိစ္စဖြစ်ပြီး မကြာမီတစ်ရက်တွင် ဗိုလ်ချုပ်ကြည်အောင်က ကျွန်တော်နှင့် ဆရာဦးမျိုးသန့် (မောင်ဆုရှင်) တို့ကို ခေါ်ပါတော့သည်။ ဆရာပါကိစ္စကို သူ အထူးစိတ်မကောင်းကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် 'အမျိုးသားစာပေဆု'မှာ စာပေပိုင်းတွင် အမြင့်ဆုံးဆုဖြစ်ကြောင်း၊ ထို့ထက်မြင့်သော စာပေဆု တစ်ခုခုကို ရွေးချယ်ချီးမြှင့်လိုကြောင်း ပြောခဲ့သည်။

ဆရာမောင်ဆုရှင်က အဖွဲ့နှင့် ပြန်တိုင်ပင်ပြီး အသေးစိတ် ပြန်တင်ပြမည်ဖြစ်ကြောင်းကိုသာ တင်ပြနိုင်ခဲ့သည်။ ရုံးသို့ ပြန်ရောက်သည့်အခါ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အဖွဲ့ဝင်အားလုံးကို မခေါ်သေးဘဲ ဆရာဦးသော်ကောင်း (စည်သူဒေါက်တာသော်ကောင်း)၊ ဆရာကြီး ဒေါက်တာကျော်စိန် (ပညာရေးဝန်ကြီးဟောင်း)၊ ဦးတင်ခ (တက္ကသိုလ် တင်ခ) တို့ အပါအဝင် အခြားပညာရှင်သုံးလေးဦး ပါသေးသည်ကို မှတ်မိနေပါသည်။ ဆရာမောင်ဆုရှင်သည် ထိုစဉ်က အကြံပေးဖြစ်နေပါပြီ။ စာတည်းမှူးချုပ်ဖြစ်နေသော ကျွန်တော်ကား အစည်းအဝေးတိုင်းတွင် ပါရပါသည်။ ဤစားပွဲဝိုင်းတွင် အမျိုးသားစာပေဆု ထက်မြင့်သော စာပေဆုတစ်ခုကို တီထွင်ရန် ဆွေးနွေးခဲ့ကြသည်။

ထိုစဉ်က ပခုက္ကူဦးအုံးဖေ စာပေဆု ပေါ်ပေါက်နေပါပြီ။ ဤစာပေဆုတွင် 'တစ်သက်တာစာပေဆု' ကို စတင်ကတည်းက ချီးမြှင့်နေပြီဖြစ်သည်။ ပညာရှင်များ အချိန်ကြာ ဆွေးနွေးကြပြီးနောက် ပခုက္ကူ ဦးအုံးဖေ စာပေဆုထက် မြင့်သဖြင့် 'အမျိုးသား'ဟူ သော ဝိသေသထည့်ကာ 'အမျိုးသား စာပေ တစ်သက်တာဆု' ဟု ရွေးချယ်ကာ ဆုံးဖြတ်ခဲ့ကြလေသည်။ ဤဆုံးဖြတ်ချက်ကို ဝန်ကြီးထံ သွားရောက်တင်ပြသည့်အခါ ဆရာမောင်ဆုရှင် အပြင် ဆရာကြီး ဦးသော်ကောင်း၊ ဒေါက်တာကျော်စိန်၊ တက္ကသိုလ်တင်ခတို့ပါ ပါလာကြသည်ကို ကျွန်တော် ကောင်းစွာမှတ်မိနေပါသည်။

'အမျိုးသားစာပေ တစ်သက်တာဆု' စီမံချက်ကို ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အထူးသဘောကျကာ မရရအောင် အထက်ကို တင်ပြပြီး မဖြစ်ဖြစ်အောင်လုပ်မည်ဟု ပညာရှင်များကို ကတိပေးခဲ့သည်။ ထိုစဉ်အခါက တပ်မတော်အစိုးရလက်ထက်ဖြစ်၍ ဤသို့တီထွင်မှုကို ရမှရပ့်မလားဟု ပညာရှင်များက စိုးရိမ်ခဲ့ကြသေးသည်။ ခြုံဆိုရလျှင် နောက်ဆုံး ဗိုလ်ချုပ်ကြည်အောင်၏ အားထုတ်မှုကြောင့် အကောင်အထည်ပေါ်လုနီးနီး အခြေအနေသို့ ရောက်လာခဲ့ပါသည်။

ထိုအခါ အပြောင်းအလဲတစ်ခု ကြုံလာပါသည်။ ဤဆုကို အတည်ပြုခါနီး ၁၃-၉-၂၀၀၂ ရက်တွင် ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပြောင်းသွားရပါတော့သည်။ ဗိုလ်မှူးချုပ် ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဖြစ်လာသည်။ အမျိုးသားစာပေဆုကိစ္စနှင့် အသစ်ထွင်ထားသော 'အမျိုးသားစာပေ တစ်သက်တာဆု' အကြောင်းကို ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအား ကျွန်တော်က သီးခြားတင်ပြရပါသည်။ ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာနသို့ရောက်ပြီး ရက်ပိုင်းအတွင်းမှာပင်ဖြစ်သည်။ ဤကိစ္စအားလုံးကို သူကပင် ဆက်လက်တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

နောက်ဆုံး 'အမျိုးသားစာပေ တစ်သက်တာဆု' ကို မူအားဖြင့် သဘောတူပြီး အနီးစပ်ဆုံး စာပေဆုနှင်းသဘင်တွင် ချီးမြှင့်ရန်အထိ အောင်မြင်ခဲ့သည်။ ဆရာကြီး ဦးလှကြိုင် (ပါရဂူ) ကိုလည်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကပင် တင်ရန် မှာကြားခဲ့သည်။

ကျွန်တော်သည် ထိုစဉ်က အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့၊ ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အားလုံး၏ အတွင်းရေးမှူး ဖြစ်သည့်အပြင် အခါအားလျော်စွာ ပေါ်လာသမျှ စာပေကိစ္စ၊ စာပေပညာရှင်များကိစ္စ၊ နိုင်ငံတော်အတွက် ထုတ်ဝေရန် အထူးကိစ္စ ဖွဲ့စည်းလေသမျှ အဖွဲ့တိုင်း၏ အတွင်းရေးမှူး ဖြစ်ခဲ့သည်။

ထိုနှစ်က (၂၀၀၁ ခုနှစ်အတွက်) အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ၏ အပြီးသတ်အဖွဲ့ကြီးအစည်းအဝေးကို ၁-၁၁-၂၀၀၂ ရက်တွင် ကျင်းပခဲ့သည်။ အဖွဲ့ဥက္ကဋ္ဌမှာ ဦးတင်ခ (တက္ကသိုလ် တင်ခ) ဖြစ်ပါသည်။ အစည်းအဝေးတွင် စာပေဆုများအနက် အမြင့်ဆုံးဆုဖြစ်သော 'အမျိုးသားစာပေ တစ်သက်တာဆု' ကို နှစ်စဉ်ချီးမြှင့်ခွင့်ရပြီဖြစ်ကြောင်း၊ ယခုနှစ်အတွက် ဆရာပါရဂူကို ရွေးထားကြောင်း ကြေညာခဲ့ရာ အဖွဲ့ဝင် ဆရာ၊ ဆရာမကြီးများက လက်ခုပ်သံများဖြင့် ဝမ်းသာအားရ အားပေးခဲ့ကြသည်။

ဆရာဦးလှကြိုင် (ပါရဂူ) အား ၂၀၀၂ ခုနှစ်တွင် ရွေးချယ်ခဲ့သော်လည်း စာပေဆုများမှာ ၂၀၀၁ ခုနှစ်အတွက်ဖြစ်သဖြင့် စာပေဆု ပြက္ခဒိန်အရ ၂၀၀၁ ခုနှစ် အတွက်ဟူ၍ ကြေညာခဲ့ရသည်။ ယင်းအစီရင်ခံစာကို တင်ပြီး တစ်ပတ်ခန့်ကြာမည် ထင်ပါသည်။ ဝန်ကြီးက ကျွန်တော့်အား ခေါ်ကာ ' အမျိုးသားစာပေ တစ်သက်တာဆု' ကို ယခုနှစ်မှစ၍ နှစ်စဉ်ချီးမြှင့်ရန်၊ ယခုနှစ် (၂၀၀၁ ခုနှစ်)အတွက် ဆရာပါရဂူကို ချီးမြှင့်ရန်၊ ချီးမြှင့်ငွေကို အမျိုးသားစာပေ တစ်သက်တာဆုအတွက် ငွေသားကျပ် ၄၀၀၀၀၀ (ကျပ် လေးသိန်းတိတိ) နှင့် အမျိုးသားစာပေဆု တစ်ဆုကို ငွေသား ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်းတိတိ) ချီးမြှင့်ရန် သဘောတူကြောင်းပြောပြီး သတင်းထုတ်ပြန်ခွင့်ပါ ပေးလိုက်ပါသည်။

### ပထမဆုံးအကြိမ် ချီးမြှင့်ခဲ့

ဤသို့ဖြင့် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပသည့် ၂၀၀၁ ခုနှစ် အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၃) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆု ဆုချီးမြှင့်ပွဲအခမ်းအနားကြီးတွင် အမျိုးသားစာပေ တစ်သက်တာဆုကို ပထမဆုံးအကြိမ်အဖြစ် ဆရာကြီးပါရဂူ (ဦးလှကြိုင်) အား ချီးမြှင့်ခဲ့လေသည်။

ဤစာပေဆုများ ချီးမြှင့်စဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ဖြစ်ပေရာ ထိုစဉ်က အတွင်းရေးမှူး (၁) က ဆုချီးမြှင့်ခဲ့ပြီး မိန့်ခွန်းပြောကြားရာတွင် "အမျိုးသားစာပေ တစ်သက်တာဆုသည် မိမိ၏ ဘဝတစ်သက်တာပတ်လုံး စာပေတွင် မြှုပ်နှံပြီး ကိုယ်ကျိုးစီးပွား အလေးမထားဘဲ စာပေနှင့် မွေ့လျော်ကာ စာပေနှင့်သာ အသက်မွေးဝမ်းကျောင်းပြုရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို စာပေစွမ်းပကားဖြင့် တစိုက်မတ်မတ် သယ်ပိုးထမ်းရွက်လျက်ရှိသည့် စာပေပညာရှင်ကြီးများကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည့်အတွက် စာပေလောကအတွက် အမြင့်ဆုံး၊ တန်ဖိုးအရှိဆုံး စာပေဆုဟု ဆိုရမှာဖြစ်ကြောင်း" ဟူ၍ ထည့်သွင်းပြောကြားခဲ့လေသည်။

ဆရာဦးလှကြိုင် (ပါရဂူ) ကို ရွေးချယ်သည့်နှစ်က သူတစ်ဦးတည်းကိုသာ နိုင်ငံတော်က ရွေးချယ်ပေးခဲ့သဖြင့် အခြားပြိုင်ဘက် မရှိခဲ့။ နောက်နှစ် (၂၀၀၂ ခုနှစ်အတွက်) မှစ၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်များက မိမိတို့ နှစ်သက်ရာ အမည်စာရင်း (သုံးဦးကို)ရွေး၍ တင်နိုင်ပြီး ရရှိသည့် ဆန္ဒမဲပေါ် မူတည်၍ ရွေးခဲ့ကြသည်။ နောင်အခါ အတွင်းရေးမှူးအဖွဲ့က သက်ရှိထင်ရှား ရှိနေသည့် စာရေးဆရာများ၊ စာပေပညာရှင်များ စာရင်းပြုစု၍ လျှို့ဝှက်ဆန္ဒမဲများပေးကာ ရွေးချယ်ခဲ့ကြသည်။

၂၀၁၇ ခုနှစ်မှစ၍ စာရေးဆရာနှင့် စာပေပညာရှင်ဟူ၍ ခွဲကာ ရွေးချယ်လာကြခြင်းသည် ပိုမိုစနစ်ကျလာပါသည်။ ယခင်ကထက် ပို၍ပွင့်လင်းမြင်သာလာသည်။

### အမျိုးသားစာပေ တစ်သက်တာဆုရှင်

စတင်ရွေးချယ်ခဲ့စဉ်က တစ်ဦးတည်းသာ ရွေးခဲ့သော်လည်း နောင်နှစ်များတွင် နှစ်ဦးရွေးခဲ့သည်လည်းရှိသည်။ သုံးဦးရွေးခဲ့သည့် နှစ်များလည်းရှိသည်။ ၂၀၁၇ ခုနှစ်မှစ၍ စာရေးဆရာ တစ်ဦးနှင့် ပညာရှင်တစ်ဦးစီ ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး၊ ဆရာမကြီးများကို မှတ်တမ်းတင် ဖော်ပြလိုပါသည်။

၁။ ဦးလှကြိုင် (ပါရဂူ) (၂၀၀၁)၊ ၂။ ဦးထင်ဖတ် (မောင်ထင်) (၂၀၀၂)၊ ၃။ ဦးဌေးမောင် (ဌေးမောင်) (၂၀၀၃)၊ ၄။ ဦးလေးမြိုင် (လေးမြိုင်) (၂၀၀၄)၊ ၅။ ဒေါ်ရင်ရင် (စောမုံညင်း) (၂၀၀၅)၊ ၆။ ဒေါ်ကြန် (မကြန်) (၂၀၀၆)၊ ၇။ ဦးကြည်အေး (ဆင်ဖြူကျွန်း-အောင်သိန်း) (၂၀၀၇)၊ ၈။ ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်) (၂၀၀၈)၊ ၉။ ဒေါက်တာခင်မောင်ညွန့် (ဒေါက်တာခင်မောင်ညွန့်) (၂၀၀၉)၊ ၁၀။ ဒေါက်တာသော်ကောင်း (ဒေါက်တာသော်ကောင်း) (၂၀၁၀)၊ ၁၁။ ဦးဝင်းမောင် (မင်းယုဝေ) (၂၀၁၁)၊ ၁၂။ ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး) (၂၀၁၂)၊ ၁၃။ ဦးအောင်သင်း (အောင်သင်း) (၂၀၁၂)၊ ၁၄။ ဦးတင်မောင် (သိပ္ပံမှူးတင်) (၂၀၁၂)၊ ၁၅။ ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) (၂၀၁၃)၊ ၁၆။ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) (၂၀၁၃)၊ ၁၇။ ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး) (၂၀၁၃)၊ ၁၈။ ဦးဝင်းဖေ (မြဇင်) (၂၀၁၄)၊ ၁၉။ ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း) (၂၀၁၄)၊ ၂၀။ ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်)(၂၀၁၄)၊ ၂၁။ ဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်)(၂၀၁၅)၊ ၂၂။ ဦးတင်ခ (တက္ကသိုလ်တင်ခ) (၂၀၁၅)၊ ၂၃။ ဦးကျောက်ဆောက်သာနိုး (မောင်သာနိုး) (၂၀၁၆)၊ ၂၄။ ဦးသန်းထွန်း (သိန်းသန်းထွန်း) (၂၀၁၆)၊ ၂၅။ ဦးကျော်ဝင်း (ညိုဝင်း) (၂၀၁၆)၊ ၂၆။ ဦးမြင့်လွင် (ဖိုးကျော့) (၂၀၁၇)၊ ၂၇။ ဦးထွန်းရီ (ထွန်းရီ-ရှေးဟောင်းသုတေသီ) (၂၀၁၇)၊ ၂၈။ ဦးတင်မောင်မြင့် (တင်မောင်မြင့်) (၂၀၁၈)၊ ၂၉။ ဦးထွန်းအောင်ချိန် (ထွန်းအောင်ချိန်) (၂၀၁၈)၊ ၃၀။ ဦးအံ့မောင် (အံ့မောင်) (၂၀၁၉)၊ ၃၁။ ဦးညွန့်မောင် (မောင်မောင်ညွန့် - မန်းတက္ကသိုလ်) (၂၀၁၉)၊ (၃၂)။ ဦးမောင်မောင်လတ် (နောင်) (၂၀၂၀)၊ ၃၃။ ဦးစိန်လှိုင် (သူရဇော်)(၂၀၂၀)၊ ၃၄။ ဒေါ်ချိုချိုတင် (မစန္ဒာ) (၂၀၂၀)။

အမျိုးသားစာပေ တစ်သက်တာဆု စတင်ဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ပထမဦးဆုံးအကြိမ် ဤဆုကို ချီးမြှင့်ခံရသည့် ဆရာပါရဂူသည် အရှေ့တောင်အာရှစာပေဆုကို

*စာမျက်နှာ ၁၂ သို့*

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၉၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၀ | ၂၄၃၅ | ၂၄၆၀ | ၂၄၄၅ | ၂၄၂၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၃၀ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၇၅ | ၂၆၉၅ | ၂၉၃၀ |
| 95 Ron | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၄၅ | ၂၅၃၀ | ၂၅၁၀ | ၂၆၀၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၈၀ | ၂၉၉၅ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၁၀ | ၂၉၀၅ | ၂၈၇၀ | ၂၉၁၀ | ၂၉၃၀ | ၂၉၂၅ | ၂၈၉၅ | ၃၀၁၀ | ၃၀၀၅ | ၂၉၀၀ | ၂၉၁၀ | ၂၉၄၅ | ၂၉၄၅ | ၂၉၅၀ | ၃၁၆၅ | ၃၃၆၅ |
| HSD (50 ppm) | ၂၉၄၀ | ၂၉၉၀ | ၂၉၈၅ | ၂၉၅၀ | ၂၉၈၅ | ၃၀၁၀ | ၃၀၀၅ | ၂၉၇၅ | ၃၀၉၀ | ၃၀၈၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၂၅ | ၃၂၄၅ | ၃၄၀၀ |
| HSD (10 ppm) | ၂၉၄၀ | ၂၉၉၀ | ၂၉၈၅ | ၂၉၅၀ | ၂၉၈၅ | ၃၀၁၀ | ၃၀၀၅ | ၂၉၇၅ | ၃၀၉၀ | ၃၀၈၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၂၅ | ၃၂၄၅ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၈၂ | ၂၃၆၁ |
| 95 Ron | ၂၃၆၆ | ၂၄၄၇ |
| HSD (500 ppm) | ၂၇၄၂ | ၂၈၂၆ |
| HSD (50 ppm) | ၂၈၁၆ | ၂၉၀၂ |
| HSD (10 ppm) | ၂၈၁၆ | ၂၉၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

*စာမျက်နှာ ၁၁ မှ*

လက်ခံရယူရန် ရွေးချယ်ခံရပြီးမှ ထိုစဉ်က အစိုးရ၏ မူဝါဒအရ သွားရောက်ရယူရန် ပယ်ဖျက်ခံရသည်။ ဤသည်ကိုအကြောင်းပြု၍ အမျိုးသားစာပေတစ်သက်တာဆု ဖော်ဆောင်ရန် တစိုက်မတ်မတ် ကြိုးပမ်းလုပ်ဆောင်နေစဉ် ဝန်ကြီးတစ်ဦးပြောင်းသွားသည်။ နောက်ဆက်ခံသည့် ဝန်ကြီးက ဆက်လက်လုပ်ဆောင်ခဲ့၍ အကောင်အထည်ပေါ်ခဲ့ရသည်။

ဆုစတင်ချီးမြှင့်စဉ်က ငွေသားဆု ကျပ်လေးသိန်း ရခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်အတွက် ကျပ်သိန်းတစ်ရာအထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။ ဤဆုကို ရပြီးမှ စာပေလောကကြီးကို အပြီးအပိုင် နှုတ်ဆက်ထွက်ခွာခဲ့သူများလည်း ရှိသည်။ ထို့အတူ သက်ရှိထင်ရှား ရှိနေသူများလည်း ရှိနေသည်။ ရှိနေသေးသူတို့ကိုလည်း သက်တော်ရာကျော် ရှည်ကြပါစေဟုလည်း ဆုတောင်းမိသည်။

ခေတ်တစ်ခေတ်တွင် ပေါ်ပေါက်ခဲ့သည့် စာပေဆုများအကြောင်းကို များသောအားဖြင့် ရေးသားထားကြသည့် စာအုပ်စာတမ်းများမှ သိခွင့်ရကြသည်။ ကိုယ်တိုင်ပါဝင်ခဲ့ရသည့် စာပေရေးရာကိစ္စများကိုမူ ကိုယ်တိုင်ရေးမှသာ မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရှိပါမည်။ ဤသို့ ကောင်းမြတ်သော အစဉ်အလာကို မွေးဖွားပေးခဲ့သူတို့သည် လည်းကောင်း၊ ဤဆု၏ အသီးအပွင့်ကို ခံစားရသူများတို့သည် လည်းကောင်း မြတ်နိုးတန်ဖိုးထားကြပါမည်။

'အမျိုးသားစာပေ တစ်သက်တာဆု' ပေါ်လာရပုံကို ရေးရသည်မှာ စာပေလောကသားများ သိစေလိုသော ရည်ရွယ်ချက်မှတစ်ပါး အခြားရည်ရွယ်ချက်မရှိပါ။ ပုဂ္ဂိုလ်စွဲ၊ ဌာနစွဲ၊ ဆန္ဒစွဲ မရှိရိုး အမှန်ပင်။ တပ်မတော်အစိုးရလက်ထက်က ဖြစ်ခဲ့စေကာမူ ကောင်းသောအစဉ်အလာတစ်ရပ် မွေးဖွားခဲ့သည်ကို ကြည်နူးစွာ သာဓုခေါ်ရပါမည်။ ကောင်းသောအစဉ်အလာတစ်ရပ်ကို အစဉ်အဆက် ဆက်လက်သယ်ဆောင်သွားရင်း ပို၍ကောင်းသည်ထက်ကောင်းအောင် အရောင်တင်ကြရမည်မှာ နှောင်းလူတို့၏ တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ စာပေဆုများဟု တွင်ခဲ့လေသော စာပေဗိမာန်ဆု (၁၉၄၈-၁၉၆၁)၊ အနုပညာဆိုင်ရာဆု (၁၉၆၂-၁၉၆၄) တို့ကို ဆက်လက်ထိန်းသိမ်းလာခဲ့ရာ ယနေ့အထင်အရှားရှိနေသည့် 'အမျိုးသားစာပေဆု' ဟူ၍ ထွန်းတောက်နေခြင်း ဖြစ်ပါသည်။

ဆရာပါရဂူကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော်လည်း ဆရာပါရဂူသည် ယနေ့ မရှိတော့ပါ။ ဤဆုပေါ်ပေါက်စေရန် ကြိုးပမ်းစဉ်က အကြံဉာဏ်ကောင်းများ ပေးလေ့ရှိသော ဆရာမောင်ဆုရှင်သည်လည်း သူပါဝင်တီထွင်ခဲ့သော ဤဆုကို မစံရမီ ၂၀၀၉ ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။ ဆရာမောင်ဆုရှင်တစ်ယောက် ရမသွားကောင်းလေလားဟု ကျန်ရစ်သူတို့က မြည်တမ်းမိကြ၏။

ဤဆုအကြောင်းကို ကိုယ်တိုင်အားထုတ်သူများထဲမှာ ပါဝင်ပြီး ယခုတိုင် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီတွင် စာပေတာဝန်ထမ်းဆောင်နေသော မင်းတိုင်ပင်ခံ စာပေသက်တော်ရှည်အမတ်ကြီးဟု ဆိုရလောက်သည့် ဆရာကြီး စည်သူဒေါက်တာသော်ကောင်းကား သက်ရှိထင်ရှား ရှိနေဆဲပင်။ သူနှင့် တွဲဖက်လုပ်ကိုင်ခွင့်ရခဲ့သော ကျွန်တော်သည်ပင်လျှင် နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီ။

'အမျိုးသားစာပေ တစ်သက်တာဆု' အတွက် ကြိုးပမ်းခဲ့ကြသူ၊ လက်ခံရရှိသူတို့အနက် အချို့ကသွားနှင့်ကြပြီ။ အချို့ကား ရှိနေသေးသည်။ ရှိသူတို့အနက် သိသူတို့က သိသမျှ ပြောရပါတော့မည်။

ဤကား ကျွန်တော်သိသမျှသာ။

**စာကိုး။**

(၁) ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုဆုရွေးချယ်ရေးကော်မတီ၏ အစီရင်ခံစာ။

(၂) ကြေးမုံ နေ့စဉ်သတင်းစာ (၇-၁၂-၂၀၀၂)။



## ဒုတိယအကြိမ် အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာအဆင့်မြင့်ကိုယ်စားလှယ်များ ရုပ်သံဆွေးနွေးပွဲ Video Conferencing ဖြင့် ကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

**ဒုတိယအကြိမ် အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ ရုပ်သံဆွေးနွေးပွဲ (2nd ASEAN – Russia Consultations of the High Representatives for Security Issues) ကို ယနေ့မွန်းလွဲပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပရာ ရုရှားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက် ဆွေးနွေးခဲ့ကြပြီး အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ဒုတိယအမြဲတမ်းအတွင်းဝန် ဦးထက်အောင် တက်ရောက်သည်။** (အပေါ်ပုံ)

ဆွေးနွေးပွဲတွင် အာဆီယံ-ရုရှားဆွေးနွေးပွဲအတွက် ညှိနှိုင်းရေးတာဝန်ခံ ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ သုတေသနနှင့် ထောက်လှမ်းရေးဆိုင်ရာ အထွေထွေဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် H.E. Lieutenant General HUN Manith နှင့် ရုရှားနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai Patrushev တို့က အဖွင့်အမှာစကားပြောကြားပြီး အာရှ-ပစိဖိတ်ဒေသအတွင်း နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ တစ်နိုင်ငံချင်းအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ဒုတိယအမြဲတမ်း အတွင်းဝန် ဦးထက်အောင်က မဟာဗျူဟာမြောက် တည်ငြိမ်အေးချမ်းရေး အပါအဝင် အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးအပေါ် သက်ရောက်မှုများ၊ ဒေသတွင်း အင်အားကြီးနိုင်ငံများအကြား တင်းမာမှုများ မြင့်တက်လာချိန်တွင် အာရှ-ပစိဖိတ်ဒေသ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲအစီအစဉ်အရ ရုရှားနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai Patrushev နှင့် ညှိနှိုင်းရေးတာဝန်ခံ ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ သုတေသနနှင့် ထောက်လှမ်းရေးဆိုင်ရာ အထွေထွေဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် H.E. Lieutenant General HUN Manith တို့က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်ကုန်သွယ်မှု တားဆီး/ဖမ်းဆီးနိုင်ရေးအတွက် တားဆီး/ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေချီးမြှင့်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းအသီးသီးမှ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ အရည်အသွေးနိမ့် လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ဆေးဝါးများနှင့် အခွန်ပေးဆောင်ထားခြင်း မရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဝင်ရောက်မှုအား ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များ ဖွဲ့စည်း၍ တားဆီး/ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ ထိခိုက်ခြင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်လုပ်ကိုင်နေသော လုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်း၊ တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ တားဆီးထိန်းချုပ်နိုင်ရေး လုပ်ငန်းစဉ်များ၌ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှသာ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၃။ တရားမဝင် တင်သွင်း/တင်ပို့မှုများနှင့် ပတ်သက်၍ တားဆီး/ဖမ်းဆီးပစ္စည်းများအပေါ် ရွေးယူဒဏ်ငွေ တပ်ရိုက်ခြင်း သို့မဟုတ် လေလံတင်ရောင်းချခြင်းမှ ရရှိငွေ၏ ၃၀ ရာခိုင်နှုန်းအား ဖမ်းဆီးသူများအားလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား သတင်းပေးသူများအားလည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၀ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုငွေချီးမြှင့်လျက်ရှိပါသည်။

၄။ တရားမဝင် တင်သွင်း/တင်ပို့မှုများ တွေ့ရှိပါက တင်သွင်း/တင်ပို့ ပစ္စည်းများနှင့် ပတ်သက်၍ တားဆီး/ဖမ်းဆီးနိုင်သည့် သတင်းအချက်အလက်တိတိကျကျဖော်ပြ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များထံသို့ တရားမဝင် တင်သွင်း/တင်ပို့ခြင်းအား ဖမ်းဆီးနိုင်ရေး လျှို့ဝှက်လုံခြုံစွာ သတင်းပေး၊ တိုင်ကြားနိုင်ပါသည်။

၅။ သတင်းပေးပို့သူနှင့်ပတ်သက်သော အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိမည် ဖြစ်ပါသည်။ သတင်းပေးပို့ခြင်းအတွက် ရရှိမည့်ဆုငွေများအား လျှို့ဝှက်စွာ ဆက်သွယ်အကြောင်းကြား၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ဆက်သွယ်ထုတ်ပေးသွားမည့်အပြင် သတင်းပေးသူအား လျှို့ဝှက်ထားရှိမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိပါသည်။

၆။ သတင်းပေးဆက်သွယ် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ဗန်းမော်မြို့ | ၀၉-၄၂၈၂၂၄၇၀၁<br>၀၉-၅၀၈၇၀၈၄ | |
| | | မြစ်ကြီးနားမြို့ | ၀၇၄-၂၅၂၉၅၁၂<br>၀၇၄-၂၅၂၃၇၆၃ | |
| ၂ | ကယားပြည်နယ် | လွိုင်ကော်မြို့ | ၀၉-၂၀၃၀၃၃၀<br>၀၉-၇၉၆၂၈၇၇၉၅<br>၀၉-၇၅၇၈၂၇၄၅၄ | |
| ၃ | ကရင်ပြည်နယ် | ဘားအံမြို့ | ၀၉-၂၆၁၁၇၉၀၆၂<br>၀၉-၅၀၆၆၅၆၉ | |
| | | ကော့ကရိတ်မြို့ | ၀၉-၄၄၂၇၇၅၅၆၈<br>၀၉-၇၈၇၆၀၅၉၉၆ | |
| | | မြဝတီမြို့ | ၀၉-၂၅၀၀၆၃၂၂၀<br>၀၉-၅၀၆၃၇၂၀ | |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့ | ၀၅-၇၂၀၂၇၁၆၁<br>၀၅-၇၂၀၂၁၀၆၉ | |
| | | မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း | ၀၅-၇၂၀၂၄၄၈၆<br>၀၅-၇၂၀၂၁၀၆၉<br>၀၅-၇၂၀၂၇၁၆၁ | |
| ၅ | ရခိုင်ပြည်နယ် | စစ်တွေမြို့ | ၀၉-၇၉၆၀၉၁၅၉၁<br>၀၄၃-၂၁၀၁၉<br>၀၉-၅၀၂၇၉၀၂ | |
| | | ကျောက်ဖြူမြို့ | ၀၉-၄၂၈၇၅၀၁၉၂ | |
| | | မောင်တောမြို့ | ၀၉-၂၅၄၄၄၇၁၄၃ | |
| ၆ | ရှမ်းပြည်နယ် | တောင်ကြီးမြို့ | ၀၉-၄၂၉၀၃၅၀၉၁<br>၀၉-၄၁၀၀၆၇၉၂ | |
| | | ကျိုင်းတုံမြို့ | ၀၉-၂၅၀၀၆၃၁၆၆<br>၀၉-၅၀၈၅၄၁၅ | |
| | | တာချီလိတ်မြို့ | ၀၉-၅၁၄၉၁၀၀<br>၀၉-၂၅၇၅၅၁၅၀ | |
| | | မိုင်းဆတ်မြို့ | ၀၉-၄၂၀၄၂၀၉၄၃<br>၀၉-၉၆၆၂၂၄၀၇၀ | |
| | | လားရှိုးမြို့ | ၀၉-၄၀၈၈၇၆၆၇၇<br>၀၉-၄၀၈၈၇၆၆၉၉ | |
| | | ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း | ၀၉-၂၁၅၀၂၂၈<br>၀၉-၅၄၀၈၉၅၇ | |
| | | မူဆယ်မြို့ | ၀၉-၂၅၅၇၇၂၃၂၂<br>၀၉-၆၈၆၃၉၀၃၀၆ | |
| | | မူဆယ်(OSS) | ၀၉-၅၁၉၃၅၆၄<br>၀၉-၇၈၅၄၁၄၄၃၃ | |
| ၇ | ချင်းပြည်နယ် | ဟားခါးမြို့ | ၀၇၀-၂၁၈၀၉<br>၀၇၀-၂၀၂၁၄၅၂ | |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာမြို့ | ၀၇၁-၂၁၁၆၁<br>၀၇၁-၂၀၂၁၁၆၁ | |
| | | တမူးမြို့ | ၀၉-၇၇၉၁၇၂၁၂၁<br>၀၉-၉၅၄၇၀၆၂၄၉<br>၀၉-၄၄၂၀၇၅၉၆၄ | |
| ၉ | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့ | ၀၉-၅၀၀၁၉၅၂<br>၀၉-၂၀၀၀၂၂၇<br>၀၂-၄၀၇၀၃၂၈ | |
| | | ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်း | ၀၉-၅၃၂၂၉၈၅ | |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့ | ၀၉-၄၂၂၅၃၂၃၃၁<br>၀၉-၇၇၇၄၄၄၁၂၅ | |
| ၁၁ | မကွေးတိုင်းဒေသကြီး | မကွေးမြို့ | ၀၆၃-၂၀၂၈၇၁၆ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်မြို့ | ၀၉-၈၉၅၅၁၂၆၂၂<br>၀၉-၅၀၄၈၈၆၃<br>၀၉-၅၆၈၀၅၁၇ | |
| | | သီလဝါ(SEZ) | ၀၉-၄၃၁၆၁၃၉၅<br>၀၉-၇၆၉၉၃၄၃၁၇ | |
| | | ရန်ကုန်လေဆိပ် | ၀၉-၂၅၃၉၈၉၈၉၀<br>၀၁-၆၆၂၆၆၄ | |
| ၁၃ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့ | ၀၅၁-၂၂၀၁၈၇၅ | |
| ၁၄ | နေပြည်တော် | နေပြည်တော် | ၀၉-၇၈၅၀၄၂၃၇၄<br>၀၉-၅၁၈၄၁၄၂<br>၀၉-၇၅၅၈၅၅၈၃၉ | |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့ | ၀၉-၂၀၂၁၂၃၆<br>၀၉-၅၀၇၆၃၄၆ | |
| | | ကော့သောင်းမြို့ | ၀၅၉-၂၀၅၁၀၀၅<br>၀၉-၂၆၀၉၇၈၃၇၇ | |
| | | မြိတ်မြို့ | ၀၉-၅၁၆၅၂၄၁<br>၀၉-၅၀၉၀၆၂၀<br>၀၉-၅၀၈၆၈၅၁ | |

## အင်္ဂပူမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

အင်္ဂပူ ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မကျီးကုန်းကျေးရွာ မင်္ဂလာဇေရုံ ဘုန်းကြီးကျောင်း၌ စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း (ဆွယ်) အင်္ဂပူမြို့မှ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန်းအောင်က အမှာစကားပြောကြားပြီး အင်္ဂပူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း (ဆွယ်) မှ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ကိုကိုတင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန်းအောင်နှင့် အဖွဲ့ဝင်များ၊ အင်္ဂပူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း(ဆွယ်) မှ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ကိုကိုတင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သင်တန်းသားများ တက်ရောက်ခဲ့ပြီး သင်တန်းသို့ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသား ၃၀ တက်ရောက်၍ သင်တန်းကာလ ၁၂ ရက်တွင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်း ဖွင့်လှစ်ပေးခြင်းကြောင့် စက်မှုလယ်ယာကူးပြောင်းနိုင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ခြင်း၊ လုပ်သားရှားပါးမှု လျှော့ချနိုင်ခြင်း၊ ရာသီချိန်မီ ထွန်ယက်စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ခြင်းနှင့် အသက်မွေးဝမ်းကြောင်း ပညာရပ်တစ်ခုအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အင်္ဂပူမြို့နယ် စက်မှုလယ်ယာစခန်း (ဆွယ်) မှ မြို့နယ်ဦးစီးဌာနမှူးထံမှ သိရသည်။

မန်းကျော် (ပြန်/ဆက်)

# ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ၎င်း၏နေအိမ်မှ စတင်အလုပ်လုပ်

**တိုကျို ဩဂုတ် ၂၂**

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည် ဩဂုတ် ၂၂ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် ၎င်း၏နေအိမ်မှ စတင်အလုပ်လုပ်နေကြောင်း အစိုးရ၏ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အသက် ၆၅ နှစ်အရွယ် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ဖိုင်းရပ်စ်၏ အပျော့စားလက္ခဏာသာ ပြသခြင်းခံရပြီး ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ၎င်း၏ တရားဝင်နေအိမ်၌ အစည်းအဝေးတစ်ခုကို တက်ရောက်နိုင်ခဲ့ကြောင်း အစိုးရအဖွဲ့ အတွင်းဝန်ရုံးမှ အကြီးအကဲ ဟီရိုကာဇူ မက်ဆူနို က ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ်သည် ဩဂုတ် ၃၀ ရက်အထိ သီးခြားနေထိုင်ရမည်ဖြစ်ကြောင်း မက်ဆူနိုက ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် တူနီးရှားနိုင်ငံ၌ ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည့် အာဖရိက ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တိုကျိုနိုင်ငံတကာညီလာခံ (တီအိုင်စီအေဒီ)သို့ ဗာကျူရယ်တက်ရောက်နိုင်ဖွယ်ရှိကြောင်း၊ ဂျပန်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၅ ရက်က ၎င်း၏ နွေရာသီ အားလပ်ရက်မစတင်မီ ဩဂုတ် ၁၂ ရက်က စတုတ္ထအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်သည် အီဘာရာကီ ပြည်နယ်တွင် ဩဂုတ် ၁၆ ရက်က ၎င်း၏ မိသားစုနှင့်အတူ ဂေါက်သီးရိုက်ခြင်း ကစားခဲ့သည်။

ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက တိုကျိုမြို့ရှိ ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိပြီးနောက် ဩဂုတ် ၂၀ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့်လက္ခဏာ စတင်ပြသခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးတွေ့ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ၎င်း၏ ကိုဗစ်-၁၉ ရောဂါလက္ခဏာမှာ အဖျားအနည်းငယ်ရှိပြီး ချောင်းဆိုးခြင်း ခံစားရကြောင်း ဝန်ကြီးချုပ်ရုံးက ပြောသည်။

**ဆင်ဟွာ**



ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ။

## ကင်ညာ၌ မိုးခေါင်ရေရှားမှုအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် စားနပ်ရိက္ခာမဖူလုံသည့်လူဦးရေ ပိုတိုးလာနိုင်

**နိုင်ရိုဘီ ဩဂုတ် ၂၂**

နိုင်ငံအနှံ့အပြားတွင် မိုးခေါင်ရေရှားမှုအခြေအနေ ပိုမိုဆိုးရွားလာခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိသည့် ကင်ညာနိုင်ငံသားအရေအတွက်သည် လက်ရှိ ၄ ဒသမ ၁ သန်းထက် အောက်တိုဘာလတွင် ၄ ဒသမ ၃၅ သန်းအထိရှိလာနိုင်သည်ဟု နိုင်ငံပိုင်အေဂျင်စီတစ်ခုက ဩဂုတ် ၂၁ ရက်တွင် ထုတ်ပြန်သည်။



ကင်ညာနိုင်ငံမြောက်ပိုင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုဘေးသင့်ဒေသ၌ သေဆုံးနေသည့် နွားတစ်ကောင်ရုပ်ကြွင်းနှင့် ထင်းသယ်လာသည့် အမျိုးသမီးများကို တွေ့ရစဉ်။

အမျိုးသား မိုးခေါင်ရေရှားမှုစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) ၏ အဆိုအရ မိုးနည်းရေရှား ဒေသများတွင် အဓိကအားဖြင့် ခရိုင် ၂၃ ခုသည် ရေမလုံလောက်မှု၊ ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုတို့ကို ပိုမိုဆိုးရွားစေသည့် ပြင်းထန်ခြောက်သွေ့သော အခြေအနေနှင့် ရင်ဆိုင်နေကြရသည်။

ကန္တာရ ကျိုင်းကောင်များ ကျရောက်ခြင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါတို့နှင့်အတူ စတုတ္ထမြောက် မိုးရာသီအထိ ဆက်တိုက်မိုးခေါင်နေခြင်းတို့ကြောင့် စားနပ်ရိက္ခာဖူလုံမှု အခြေအနေမှာ ပိုမိုယိုယွင်းလာကြောင်း အင်န်ဒီအမ်အေက ကင်ညာမြို့တော် နိုင်ရိုဘီ၌ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဩဂုတ်လ တစ်လတည်း၌ပင် မိုးနည်းရေရှားမြေများ၏ ၉၅ ရာခိုင်နှုန်းသည် ဆိုးရွားစွာခြောက်သွေ့ပြီး မွေးမြူရေးသမားများနှင့် လယ်သမားများ ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုဒဏ်ကို ကြုံတွေ့ရနိုင်ကြောင်း၊ စားကျက်နှင့် ရေမရှိခြင်းကြောင့် ကင်ညာနိုင်ငံ၏ မြောက်ပိုင်းနယ်စပ်ဒေသ၌ တိရစ္ဆာန်သေဆုံးမှုများ တိုးလာကြောင်း အင်န်ဒီအမ်အေ၏ အမှုဆောင်အရာရှိချုပ် ဟာရက် ဟက်ဆန် အာဒန် က ဆိုသည်။

အန်ဒီအမ်အေ၏ အဆိုအရ အသက်ခြောက်လမှ ၅ နှစ်အတွင်း ကလေး ၈၈၄၄၆၄ ဦး၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၁၁၅၇၂၅ ဦးတို့မှာ အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေကြရသည်။

ကင်ညာအစိုးရသည် မိုးခေါင်ရေရှားတုံ့ပြန်မှု မြှင့်တင်ရန်အတွက် နိုင်ငံတကာ အေဂျင်စီများနှင့် ဒေသတွင်း ပရဟိတအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် ခန့်မှန်းခြေ ၁၀ ရီလင် (အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၅၀ သန်း) လျာထားခဲ့ကြောင်း အာဒန်က ထပ်လောင်းပြောကြားသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ ချုံကင်းဒေသ၌ တောမီးအများအပြား လောင်ကျွမ်းမှုဖြစ်ပွား

**ချုံကင်း ဩဂုတ် ၂၂**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းမြူနီစီပယ်၏ တောင်တန်းဒေသများ၌ မိုးခေါင်မှုနှင့် အပူလှိုင်းကျရောက်မှု အဆက်မပြတ်ဖြစ်ပေါ်နေသည့်အတွက် တောမီးအများအပြား လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ဩဂုတ် ၂၂ ရက်၌ ဆင်ဟွာသတင်း တစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။



ရဟတ်ယာဉ် ခုနစ်စင်းအပြင် မီးသတ်သမားများ၊ တပ်ဖွဲ့ဝင်များနှင့် ကျွမ်းကျင်ကယ်ဆယ်ရေးအဖွဲ့များအပါအဝင် ကယ်ဆယ်ရေးဝန်ထမ်း ၅၀၀၀ ကျော်ဖြင့် မီးငြိမ်းသတ်ရန် ကြိုးစားလျက်ရှိကြောင်းနှင့် လူပေါင်း ၁၅၀၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့နေရာချထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ထိခိုက်သေဆုံးမှု မရှိသေးပေ။ တရုတ်နိုင်ငံတစ်ဝန်း နေရာအများအပြားတွင် မကြာသေးမီကလည်း အပူလှိုင်းကျရောက်မှု ကြုံတွေ့ခံစားခဲ့ရပြီး အထူးသဖြင့် ချုံကင်းဒေသသည် ၁၉၆၁ ခုနှစ် နောက်ပိုင်း အဆိုးရွားဆုံး ခြောက်သွေ့ပူပြင်းမှုဒဏ် ခံစားခဲ့ရကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အမျိုးသားမိုးလေဝသ စောင့်ကြည့်ရေးဌာနသည် ဩဂုတ် ၂၁ ရက်တွင် အပူချိန်မြင့်မားမှုသတိပေးချက် အနီရောင်အဆင့်ကို ဆက်လက်ထုတ်ပြန်ထားသည်။

အဆိုပါ အပူချိန်သတိပေးချက် အနီရောင်အဆင့်သည် တရုတ်နိုင်ငံ၌ မိုးလေဝသ သတိပေးချက်စနစ်အတွက် အရောင်ဖြင့်ခွဲခြားသတ်မှတ်သည့် အဆင့်လေးဆင့်ရှိသည့်အနက် အပြင်းထန်ဆုံး သတိပေးချက် အဆင့်ဖြစ်ကြောင်း သိရသည်။ အပူလှိုင်းသည် ဩဂုတ် ၂၆ ရက်မှစတင် တဖြည်းဖြည်း ယုတ်လျော့သွားဖွယ်ကြောင်း ခန့်မှန်းထားသည်။

**ဆင်ဟွာ**

## အီရန်နျူကလီးယားသဘောတူညီချက် အသက်ပြန်ဝင်လာရေး ဖြစ်နိုင်ခြေရှိသည့် အစည်းအဝေးတစ်ရပ်ကို ကျင်းပမည်

**တီဟီရန် ဩဂုတ် ၂၂**

ဥရောပသမဂ္ဂ၏ အဆိုပြုချက်ကို တုံ့ပြန်ချက်သည့် တုံ့ပြန်ချက်ကို တီဟီရန်က တင်သွင်းပြီးနောက် အီရန်နျူကလီးယား သဘောတူညီချက် အသက်ပြန်ဝင်လာရေး ဖြစ်နိုင်ခြေရှိသည့် အစည်းအဝေးတစ်ခုကို ယခုတစ်ပတ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂထိပ်တန်းသံတမန်တစ်ဦးက ဩဂုတ် ၂၂ ရက်တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယားရည်မှန်းချက်ကို လျှော့ချရန် ရည်ရွယ်၍ ဂျေစီပီအိုအေဟုခေါ်သော ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံကြား ပြုလုပ်ခဲ့သော ၂၀၁၅ သဘောတူညီချက် အသက်ပြန်ဝင်လာရေး ကြိုးစားအားထုတ်မှုများသည် အရေးကြီးသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါအစည်းအဝေးကို လွန်ခဲ့သော သီတင်းပတ်အကုန်က ဗီယင်နာတွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း မဖြစ်ခဲ့ပါ။ သို့သော်လည်း ယခုသီတင်းပတ်တွင် ဖြစ်လာဖွယ်ရှိနေကြောင်း ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဂျိုးဆက်ပ် ဘိုရယ်က စပိန်နိုင်ငံ ဆန်တန်ဒါ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယခုလအစောပိုင်းက ဘိုရယ်နှင့် ၎င်း၏ အဖွဲ့ကြားတစ်နှစ်ကျော်ကြာဆွေးနွေးပြီးနောက် ဥရောပသမဂ္ဂက သဘောတူညီချက်နောက်ဆုံးအဆင့်ကို တင်သွင်းခဲ့သည်။ အဆိုပါသဘောတူညီချက်တွင် အမေရိကန်ပြည်ထောင်စု ပြန်လည်ပါဝင်လာပြီး နျူကလီးယားသဘောတူညီချက်ကို အပြည့်အဝပြန်လည်အသက်ဝင်အောင်လုပ်ရေးပါဝင်ခဲ့သည်။ ထို့နောက်တွင် အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် ၂၀၁၈ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်ဆုတ်ခဲ့သည်။

**အေအက်ဖ်ပီ**

## ဂျပန်နိုင်ငံ၌ ခရီးသည်တင်ယာဉ်တစ်စီးတိမ်းမှောက်ပြီး မီးလောင်မှုကြောင့် နှစ်ဦးသေဆုံး

**တိုကျို ဩဂုတ် ၂၂**

ဂျပန်နိုင်ငံ အလယ်ပိုင်း နာဂိုယာမြို့၌ ဩဂုတ် ၂၂ ရက်က အမြန်လမ်းတစ်ခုပေါ်တွင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်ပြီး မီးလောင်မှုကြောင့် နှစ်ဦးသေဆုံးခဲ့သည်။

ယာဉ်မီးလောင်မှုကြောင့် ခုနစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး မီးလောင်မှုတွင် အခြားယာဉ်တစ်စီးလည်း ပျက်စီးခဲ့ကြောင်း ဒေသတွင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။ အဆိုပါ ခရီးသည်တင်ယာဉ်သည် နာဂိုယာမြို့ ဘတ်စ်ကားဂိတ်နှင့် လေဆိပ်အကြား ပြေးဆွဲသည့် ယာဉ်တစ်စီးဖြစ်ပြီး ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းအကြောင်းရင်းကို မသိရသေးပေ။

အခင်းဖြစ်ပွားရာနေရာတွင် ပေါက်ကွဲသံ ကြားရပြီးနောက် ယာဉ်တစ်စီးလုံး မီးလောင်သွားခဲ့ကြောင်း အဆိုပါအဖြစ်အပျက်ကို မြင်တွေ့ခဲ့ရသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ဩဂုတ် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၅၁ ရာခိုင်နှုန်းရှိ

(၂၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၁၈၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၁) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄၂) ဦးအနက် (၁၄) ဦး၊ (၃၃.၃၃) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၈) ဦး၊ (၆၆.၆၇) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**

**(၂၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၄) ဦး | (၃၃.၃၃) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၈) ဦး | (၆၆.၆၇) % |
| စုစုပေါင်း | (၄၂) ဦး | (၁၀၀) % |

- သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၇၅,၂၉၂) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၆၉၆) ဦး ရှိပြီဖြစ်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၂၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလခြောက်လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန် လိုအပ်ပါသည်။
- သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၉၃ ဦး၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် (၂၆) မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၁၅၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၉၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၄၈၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၆၁၈ ဦးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၄၅၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်






## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် Mask ၁၁ ဒသမ ၂၉ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့် ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနရှိ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**People News Agency မှ ဦးကျော်စိုးဦး**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအသစ်တွင် တစ်နိုင်ငံလုံး၌ ဝင်ပြိုင်မည့် နိုင်ငံရေးပါတီများက စပေါ်ငွေသိန်းတစ်ထောင် တင်ရမည်၊ ပါတီငယ်များ သိန်းတစ်ရာတင်ရမည်ဆိုသည့် ကောလာဟလများက နိုင်ငံရေးပါတီများတွင် ပျံ့နှံ့နေပါကြောင်း၊ အဆိုပါအခြေအနေနှင့် ပတ်သက်ပြီး ရှင်းပြပေးစေလိုပါကြောင်း မေးမြန်းသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက နိုင်ငံရေးပါတီတစ်ခုသည် အမှန်တကယ် အရွေးခံရပါက နိုင်ငံတော်ကို တာဝန်ယူမည့်၊ နိုင်ငံတော်ကို အုပ်ချုပ်မည့်၊ နိုင်ငံကို ခေါင်းဆောင်မည့်ပါတီဖြစ်ပါကြောင်း၊ ပါတီတစ်ခုအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုတွင် စည်းရုံးမည့် ပါတီဟုရှိပြီး ထိုက်သင့်သည့် လူအင်အား၊ ထိုက်သင့်သည့် ငွေကြေးအင်အား၊ ထိုက်သင့်သည့် ရုံးခန်းများ၊ ထိုက်သင့်သည့် ပါဝင်ယှဉ်ပြိုင်နိုင်မှု ရှိရမည်ဖြစ်သည့်အတွက် ထိုက်သင့်သည့်အတိုင်း သတ်မှတ်ရေးဆွဲထားပါကြောင်း၊ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကို သီးခြားတင်ရခြင်းဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် အာမခံဝင်ခွင့်ကို တင်ရမည်ဖြစ်ကြောင်း၊ ယခင်ကလည်း တင်ရပါကြောင်း၊ ပါတီကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် တင်ပေးနိုင်သည့် ငွေပမာဏဖြစ်ပါကြောင်း ဖြေကြားသည်။

**တဲ့ပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က လဝကမှ ပုံစံ(၆၆/၆)ကို ကွန်ပျူတာ Software ဖြင့် ထည့်နေခြင်းများရှိကြောင်း၊ လဝက လုပ်ငန်းစဉ်ဖြစ်သည့် မှတ်ပုံတင်ထုတ်ပေးရေးကိုလည်း ကြိုးစားနေကြရကြောင်း၊ ဝန်ထမ်းအင်အားလည်း လုံလောက်မှု မရှိပါကြောင်း၊ လက်ရှိ UEC တွင် ငုတ်တုတ်ထိုင်နေရသည့် ဝန်ထမ်းများ တွေ့ရပါကြောင်း၊ Software ထည့်သည့်နေရာတွင် လဝက စာရင်းကို အခြေခံယူခြင်းဖြစ်သည့်အတွက် လက်ရှိ ငုတ်တုတ်ထိုင်နေသည့် ဝန်ထမ်းများ လဝကကို သွားရောက်အကူအညီပေးရန်အစီအစဉ် ရှိ / မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က UEC အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း (Pilot Project) ကို မိမိတို့ ပထမဆုံးလုပ်ခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ ပုံစံ(၆၆/၆)ရိုက်သည့် Project မတိုင်မီ ၂၀၂၁ ခုနှစ်ကတည်းက ပုံစံ(၆၆/၆) ရိုက်ခဲ့သည်မှာ ပြီးခဲ့သည့်နှစ်က ပြီးပြီ ဖြစ်ကြောင်း၊ ပြီးမှသာ မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ယခုလည်း လုပ်ငန်းစဉ်အားလုံး ပြီးပြီဖြစ်ကြောင်း၊ မိမိတို့တွေ့သည့် စာရင်းချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းချုပ်ပြီး ထွေအုပ်နှင့် လဝကတို့၏ စာရင်းနှစ်ခုအပေါ်တွင် မြေပြင်အခြေအနေပေါ်တွင် တွေ့ရသည့် အခြေအနေကို သက်ဆိုင်ရာ ထွေအုပ်ကလည်း ထွေအုပ်စစ်ဆေးရမည့်အပိုင်း၊ လဝကကလည်း လဝက စစ်ဆေးရမည့် အပိုင်းကို မိမိတို့ ပေးပြီးဖြစ်ပါကြောင်း၊ ယခု Update လုပ်ရသည့် လုပ်ငန်းစဉ်ကို ရောက်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းထောက်ကြီးမေးသည့် လုပ်ငန်းစဉ် မရှိတော့ပါကြောင်း၊ လဝကအနေဖြင့်လည်း မိမိလုပ်ငန်းစဉ်ကို ဆောင်ရွက်၍ရပါကြောင်း၊ မိမိတို့ ပေးလိုက်သည့် စာရင်းချုပ်များအပေါ်တွင် မူတည်ပြီး feedback ရပါက မိမိတို့က Update လုပ်ပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။



အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ။

**တဲ့ပြောသတင်းဌာနမှ ဦးဇော်မင်းဦး**က မိမိတို့ သတင်းမီဒီယာသည် ကျင့်ဝတ်များရှိပါကြောင်း၊ ကျင့်ဝတ်အရ ပါတီတစ်ခုသော်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်ကိုလည်းကောင်း၊ အဖွဲ့အစည်းတစ်ခုကိုလည်းကောင်း မိမိတို့အနေဖြင့် အချိန်အတိုင်းအတာတစ်ခုထိ စောင့်ကြည့်ရပါကြောင်း၊ စောင့်ကြည့်လာသည်မှာ (၉)ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲမှစပြီး သတင်းမီဒီယာအသီးသီးမှ NLD ပါတီကို အရေးယူရန် အစီအစဉ် ရှိ / မရှိ မေးလာခဲ့ပါကြောင်း၊ ယခု ၈၅ ပါတီစစ်ပြီး ၇ ပါတီ ကျန်သည်ဟု ပြောပါကြောင်း၊ NLD ပါတီက လာရောက်ငွေစာရင်းအစစ်မခံသည်မှာ ၃ လကျော်ပြီဖြစ်ကြောင်း၊ ကျန်သည့်ပါတီကို အရေးယူသည့် ရွေးကောက်ပွဲကော်မရှင်က ပြောသည်ကို တွေ့ရပါကြောင်း၊ ပထမပိုင်းတွင် အမျိုးသား ရင်ကြားစေ့ရေးဆိုပြီး သတင်းမီဒီယာများက စောင့်ကြည့်ခဲ့ပါကြောင်း၊ ယခုအခါ ရွေးကောက်ပွဲ ကျင်းပရန်လည်း တစ်နှစ်ခန့်သာရှိတော့ကြောင်း၊ တချို့ပါတီကြီး၊ ပါတီငယ်များက မိတ်ဖက်ပါတီများ ဖွဲ့ထားခြင်းရှိပါကြောင်း၊ မည်သို့လုပ်မည်ဆိုသည့် မိတ်ဖက်ပါတီများ ဆွေးနွေးရမည့် အခန်းများလည်းရှိပါကြောင်း၊ အင်အားကြီးပါတီဟု ပြောဆိုနေကြသည့် NLD ပါတီနှင့် SNLD ပါတီတို့က လာရောက် အစစ်ဆေးလည်း မခံ၊ ယင်းတို့ကို အရေးယူ/ မယူကို ကျန်သည့် တိုင်းရင်းသားပါတီနှင့် ပါတီငယ်များက ဒွိဟဖြစ်နေကြပါကြောင်း၊ မိမိမေးလိုသည်မှာ NLD ပါတီနှင့် SNLD ပါတီက ၃ လကျော်ကြာသည့်အထိ ငွေစာရင်းစစ် မခံသည်ကို အရေးယူမှုမရှိသည့်အတွက် သီးခြားကင်းလွတ်ခွင့်ဥပဒေ ပြဋ္ဌာန်းသလားဟု သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ဥပဒေ သီးခြားမရှိပါကြောင်း၊ သတ်မှတ်ထားသည့် ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ဥပဒေ၊ နည်းဥပဒေများရှိပါကြောင်း၊ ယင်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်နှစ်တာကာလအတွင်း ၈၀/၉၀ ရာခိုင်နှုန်း ပြီးပြီဟု ပြော၍ရပါကြောင်း၊ ၉၂ ပါတီတွင် ၈၅ ပါတီပြီးပြီဖြစ်ပြီး ၇ ပါတီကျန်ပါကြောင်း၊ ကျန်သည်များကို သတ်မှတ်ချက်အတိုင်း အကြောင်းကြားစာပို့တယ်၊ လက်ခံရရှိကြောင်းနှင့် သတ်မှတ်သည့်အချိန်ကို ချိန်းဆိုပါကြောင်း၊ ၂၄ (က) အရ အကြောင်းကြားပါကြောင်း၊ ပျက်ကွက်သည့် မြန်မာ့လူ့ဘောင်သစ်ပါတီကိုတစ်နှစ်ယာယီရပ်ဆိုင်းခြင်းများရှိကြောင်း၊ အလားတူ SNLD ပါတီသည် သတင်းထောက်ကြီးပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲကို မတက်ဖြစ်ခြင်းကြောင့် မသိခြင်းသာဖြစ်ပါကြောင်း၊ မိမိရှင်းပြခဲ့ပြီးဖြစ်ပါကြောင်း၊ SNLD ပါတီကိုလည်း ၂၄(က) အရ ၃၁-၃-၂၀၂၂ တွင် ညွှန်ကြားခဲ့ပြီး ၃၀-၆-၂၀၂၂ ရက်တွင် နောက်ဆုံးထားပြီး အစစ်ဆေးခံရန် အကြောင်းကြားခဲ့ပါကြောင်း၊ သတ်မှတ်ရက်ဖြစ်သည့် ၃၀-၆-၂၀၂၂ ရက်မှ ၃-၇-၂၀၂၂ ရက်ကာလအထိ မိမိတို့ တောင်ကြီးမြို့တွင် စစ်ဆေးပြီးဖြစ်ပါကြောင်း၊ SNLD ပါတီက စစ်ဆေးပြီးဖြစ်ပြီး သတင်းထောက်ကြီးမေးသည့်အထဲတွင် NLD ပါတီကျန်ပါကြောင်း၊ NLD ပါတီသည် အစစ်ဆေးခံမည့် ပုဂ္ဂိုလ်များကိုယ်တိုင် ဖမ်းဆီးခံရ၊ ထွက်ပြေးတိမ်းရှောင်၊ ဆက်သွယ်မရ ဖြစ်နေခြင်းကြောင့် ကြာနေခြင်းဖြစ်ကြောင်း၊ မစစ်ဆေးဘဲ အတည်မပြုဘဲ ဆောင်ရွက်၍ မရပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် အချိန်အတိုင်းအတာရှိသော်လည်း အချိန်ကန့်သတ်ချက်ထားခြင်း မရှိပါကြောင်း၊ ဆက်လက်စစ်ဆေးပြီး သက်ဆိုင်ရာ ဥပဒေ/ နည်းဥပဒေနှင့် ငြိစွန်းပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **တဲ့ပြောသတင်းဌာနမှ ဦးဇော်မင်းဦး**က မန်းဝင်းခိုင်သန်းတို့နှင့် ကျန်သည့် NLD ပါတီက ထိပ်ပိုင်းခေါင်းဆောင်များကြောင့် မိမိတို့နိုင်ငံ ယခုကဲ့သို့ ရင်ဆိုင်နေရပါကြောင်း၊ တိုင်းရင်းသားပြည်သူများ အလုပ်အကိုင် မရှိပါကြောင်း၊ ၎င်းတို့သည် နိုင်ငံခြားအမှီအခိုရှိပါကြောင်း၊ ပါတီတစ်ခု ပါတီဝင်တစ်ဦးသည် နိုင်ငံခြားအမှီအခိုကင်းရမည်ဟု ဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပါကြောင်း၊ ယခု ၎င်းတို့သည် နိုင်ငံခြားကိုမှီခိုနေပါကြောင်း၊ အဆိုပါအချက်အလက်များကို မိမိတို့ပေးစရာ မလိုတော့ပါကြောင်း၊ လက်ရှိ ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုအစိုးရနှင့် နိုင်ငံသားအားလုံးလည်း သိပါကြောင်း၊ ယင်းကဲ့သို့ရှိနေပါသော်လည်း အဘယ်ကြောင့် အရေးမယူသည်၊ မည်သည့်အချိန်တွင် အရေးယူမည်ကို တိတိကျကျ သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီး မေးမြန်းမှုကို ယခင်ကလည်း မေးမြန်းခဲ့ကာ ဖြေပြီးလည်းဖြစ်ပါကြောင်း၊ ယင်းသဘောကိုလည်း မိမိတို့သိပါကြောင်း၊ သို့သော်လည်း အတည်ပြုရန် လိုပါကြောင်း၊ အတည်ပြုရာတွင် လက်ရှိအချိန်တွင် ပါတီဝင် ဖြစ်/ မဖြစ် မိမိတို့အတည် ပြုနိုင်ရန်လိုပါကြောင်း၊ ထို့ကြောင့် လက်ရှိအချိန်တွင် အတည်ပြုပြီးမှသာ မိမိတို့ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ၎င်းသည် ပါတီဝင် ဟုတ်၊ မဟုတ် မိမိတို့ ဆုံးဖြတ်စရာ အကြောင်းရှိလာပါကြောင်း၊ မိမိတို့အနေဖြင့် ပါတီတစ်ခုကို ဖျက်သိမ်းသည်ဆိုရာတွင် ကော်မရှင်စုံညီအစည်းအဝေးက ဆုံးဖြတ်မည်ဖြစ်ပြီး ယခုအချိန်ထိ ကြိုတင်ဆုံးဖြတ်ထားခြင်း မရှိပါကြောင်း၊ သို့သော်လည်း အားလုံး၏ ဖြစ်ပေါ်တိုးတက်မှု အနေအထားများပေါ်တွင် မူတည်ပြီး ဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ UEC အနေဖြင့် ဥပဒေ/ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတိုးတက်အောင် ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**One News သတင်းဌာနမှ ဦးသွင်ထူးအောင်က** UEC က နိုင်ငံရေးပါတီများကို ပြည်ပပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်တွေ့မည်ဆိုပါက ကြိုတင်ခွင့်ပြုချက်တောင်းခံပြီးမှ တွေ့ရမည်ဆိုသည့် ညွှန်ကြားချက်ကို အဘယ်ကြောင့် ထုတ်ပြန်ရသည်၊ ညွှန်ကြားရသည်ကို သိလိုပါကြောင်း၊ အဆိုပါ ညွှန်ကြားချက်ကို နိုင်ငံရေးပါတီများဘက်ကလည်း ကန့်ကွက်မှုများရှိပါကြောင်း၊ ညွှန်ကြားချက်နှင့် ပတ်သက်ပြီး မည်သို့ဆက်လုပ်မည်၊ UEC ကပါတီများကို ယခုကဲ့သို့ ကန့်သတ်ခြင်းသည် ရွေးကောက်ပွဲဥပဒေ၏ မည်သည့်ပုဒ်မနှင့်အညီ ညွှန်ကြားချက် ထုတ်ပြန်သည်၊ အခြေခံဥပဒေနှင့် ကြည့်ပါက မည်ကဲ့သို့ ညီညွတ်မှုရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က UEC အနေဖြင့် နိုင်ငံရေးပါတီများကို ဩဂုတ် ၁၁ ရက်က ညွှန်ကြားချက်တစ်စောင် ထုတ်ပြန်ခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီအားလုံးကို ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၁၇ သို့*

**◆ လူငယ်များနှင့်ပတ်သက်၍ နိုင်ငံရေးအပိုင်းထက် ပညာရေးပိုင်းနှင့် အသိပညာတိုးတက်ရေးအပိုင်းတို့တွင် လက်တွေ့လုပ်ဆောင်နေကြောင်း၊ ကျောင်းသားလူငယ်များနှင့်ပတ်သက်ပြီး ပညာရေးသာမက အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ နိုင်ငံ့အရေးပိုင်းအပိုင်းတွင် လုပ်ဆောင်မှုအားနည်းသည်ကို မိမိအနေဖြင့် ဝန်ခံကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး အစိုးရအဖွဲ့အစည်းအဆင့်ဆင့်၊ လူငယ်ရေးရာကို ကိုင်တွယ်သည့် အဖွဲ့အစည်းအဆင့်ဆင့်တို့ကလည်း မှန်ကန်သည့် နိုင်ငံ့အရေး၊ မှန်ကန်သည့် အမျိုးသားရေးတို့တွင် မှန်ကန်သော လုပ်ဆောင်ချက်များ လုပ်ဆောင်နိုင်ရန် ဆက်လက်တိုက်တွန်း အားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်**

*စာမျက်နှာ ၁၆ မှ*

အကြောင်းအရာမှာ နိုင်ငံခြားအဖွဲ့ အစည်းများနှင့် ပါတီများ တွေ့ဆုံသည့်ကိစ္စနှင့် ပတ်သက်ပြီး အကြောင်းကြားခြင်း ဖြစ်ပါကြောင်း၊ ဦးစွာရှင်းရှင်းလင်းလင်းပြောလိုသည်မှာ နိုင်ငံရေးပါတီများက နိုင်ငံခြားအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် မတွေ့ရဟု ပြောခြင်းမဟုတ်ပါကြောင်း၊ သို့သော်လည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရန် ဖြစ်ကြောင်းကို ကနဦး ပြောလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၇ နိုင်ငံရေးပါတီများ အခန်း (၁၀) ၏ နောက်ဆုံးပုဒ်မတွင် နိုင်ငံရေးပါတီများနှင့် ပတ်သက်၍ ဥပဒေ/နည်းဥပဒေ ထုတ်ပြန်ရမည်ဟု ပြဋ္ဌာန်းချက်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအခန်း ၄၊ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပုဒ်မ ၁၀ (ဌ)တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်းသည် မိမိတို့ကော်မရှင်၏တာဝန်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေနှင့်အတူ နိုင်ငံရေးပါတီကို ကြီးကြပ်ရမည်၊ အလားတူ ကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်စေနိုင်သည်ဟု ရှိပါကြောင်း၊ ယင်းသည် ကော်မရှင်ဥပဒေ ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၃ တွင် ပြဋ္ဌာန်းထားခြင်း ရှိပါကြောင်း၊ ကော်မရှင်သည် ပါတီများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်စေရန် ကြီးကြပ်နိုင်သည်ဟု ဆိုထားပါကြောင်း။

တည်ဆဲဥပဒေတွင် ပြဋ္ဌာန်းထားသည်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆(စ)၊ ပုဒ်မ ၄၀၇ နှင့် ပုဒ်မ ၄၀၈ တို့အရ နိုင်ငံခြား တိုင်းပြည်တစ်ခုခု၏ အစိုးရ၊ ဘာသာရေးအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေးအထောက်အပံ့ပစ္စည်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူခြင်း၊ သြဇာခံယူခြင်းများ ပြုလုပ်ပါက ပယ်ဖျက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားတိုင်းပြည်၏အစိုးရ၊ ဘာသာရေးအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်း၊ ပုဂ္ဂိုလ်တို့၏ ငွေကြေးပစ္စည်း အထောက်အပံ့တစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူခြင်း၊ သြဇာခံခြင်း၊ အဆိုပါ ပြဋ္ဌာန်းချက်သည် သိမ်မွေ့နူးညံ့ပြည့်စုံပါကြောင်း၊ ထိုအချက်အလက်များနှင့် ငြိစွန်းလာနိုင်သည့်ကိစ္စများ ဖြစ်နေသဖြင့် ကော်မရှင်က ယင်းဥပဒေနှင့်အညီကြပ်မတ်ညွှန်ကြားရန် အတွက် ဥပဒေနှင့်အညီ ထုတ်ပြန်ခြင်းဖြစ်ပါကြောင်း၊ ယင်းကိစ္စများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ကြီးကြပ်နိုင်ရန် ညွှန်ကြားချက် ထုတ်ပြန်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီသည့် ညွှန်ကြားချက်ဖြစ်ပါကြောင်း၊ မတွေ့ရဟု မဆိုလိုဘဲ ကြိုတင်အသိပေးပြီး ခွင့်ပြုချက်အရ ဆောင်ရွက်ရန်၊ ကော်မရှင်ကလည်း စိစစ်ပြီး သင့်တော်သည့် အစီအစဉ်ဖြင့် ခွင့်ပြုပေးမည်ဟု ပါရှိပါကြောင်း၊ အဘယ်ကြောင့် လုပ်ရသည်ကို သာဓကဖြင့် ပြောရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် ဒေါ်လာ ၄၆ သန်း ရွေးကောက်ပွဲအတွက် ကူညီထောက်ပံ့သည်ဟူ၍ အမေရိကန်သံရုံးက ထုတ်ပြန်ထားသည်များ ရှိပါကြောင်း၊ မိမိတို့ ကော်မရှင်က မသိပါကြောင်း၊ တချို့ရသော်လည်း တချို့မရသည့် အပိုင်းများရှိပါကြောင်း။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ UEC အသစ်ရောက်ရှိချိန်တွင် IRI က ငွေလွှဲပေးကြောင်း၊ မိမိတို့နိုင်ငံ ဘဏ်ကို ရောက်ရှိပါကြောင်း၊ ပါတီများနှင့် သက်ဆိုင်သည်က UEC ဖြစ်သည့်အတွက် UECကို ငွေထုတ်ပေးရမည်လားဟု မေးခဲ့သည်များ ရှိခဲ့ပါကြောင်း၊ ပါတီများကို ထောက်ပံ့ခြင်းသည်လည်း မည်သည့်ပါတီကို ထောက်ပံ့သည် မပါရှိခြင်း၊ ပါတီကလည်း အထောက်အပံ့များရယူပါက အထက်ပါဥပဒေများနှင့်လည်း ငြိစွန်းနိုင်သည့်အတွက် မိမိတို့ Recommend မပေးခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်ဖြစ်ရပ်များ ရှိခဲ့ကြောင်း၊ လိုအပ်ချက်အရ တွေ့သည့်နေရာတွင် တွေ့ဆုံမှုအရ ပါတီ ၈၀ ရှိလျှင် ၈၀ လုံးဖြင့် တွေ့ခြင်းမဟုတ်ပါကြောင်း၊ ပါတီ ၃ / ၄ ပါတီနှင့်သာ တွေ့သည့်အတွက် ယင်းပါတီများသည် အထက်ပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းဖွယ်ရာအကြောင်းခြင်းရာများကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများကို မျှော်ကိုးပြီး နိုင်ငံရေးပါတီများအတွက် Save ဖြစ်ရန်၊ ပိုပြီး စနစ်တကျဖြစ်ရန်၊ နိုင်ငံတော်အတွက်လည်း ဥပဒေ/နည်းဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြစ်ရန်၊ ကော်မရှင်အနေဖြင့် စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်ရန် ယင်းညွှန်ကြားချက်ကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**သူရိယနေ့ဝန်းသတင်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က မိမိအနေဖြင့် အပိုင်း (၃)ပိုင်းဖြင့် မေးလိုကြောင်း၊ ပထမဆုံးမေးလိုသည်မှာ PDF အပါအဝင် မြန်မာလူငယ်ထုကြီးတစ်ရပ်လုံးနှင့် ပတ်သက်၍ မေးလိုကြောင်း၊ ထိုသို့ဆိုရာတွင် PDF အားလုံးကို မိမိမဆိုလိုဘဲ PDF အသုံးချခံလူငယ်များမှာ လူတစ်ရာတွင် သုံးယောက်ခန့်သာရှိကြောင်း၊ ကျန်ရှိသည့် ၉၇ ယောက်ခန့်သောလူငယ်များမှာ ရန်ကုန်၊ မန္တလေး၊ စင်ကာပူ၊ ထိုင်းမြေပေါ်တွင် အခြေအနေအားလုံးကို စောင့်ကြည့်နေကြောင်း၊ မြန်မာလူငယ်များ မည်သို့ ဆက်လက်လုပ်ဆောင်ရမည်ဆိုသည်ကို လမ်းပျောက်နေကြောင်း၊ PDF မှာ သုံးရာခိုင်နှုန်းထက်မပိုကြောင်း၊ မိမိအနေဖြင့် မြန်မာလူငယ်များကို Message ပေးလိုသည်မှာ ၁၉၈၈ အရေးတော်ပုံတွင် ကျောင်းသားလူငယ်၊ မြန်မာလူငယ်များကို NLD နှင့် ဒေါ်အောင်ဆန်းစုကြည်က မည်သို့အသုံးချခဲ့သည်ကို မိမိကိုယ်တွေ့ဖြစ်ရပ်များကိုအခြေခံ၍ ဖွင့်ချပြောကြားလိုကြောင်း၊ ၈၈ အရေးတော်ပုံ ဖြစ်နေသည့်အချိန်တွင် ဒေါ်အောင်ဆန်းစုကြည်က မိခင်ဖြစ်သူ ဒေါ်ခင်ကြည်၏ ကျန်းမာရေးမကောင်း၍ မြန်မာနိုင်ငံကို ပြန်ရောက်လာသည့်အချိန် မိမိအပါအဝင်ကျောင်းသားများဆင်နွှဲနေသည့် ကျောင်းသားသပိတ်နှင့် ၈၈ အရေးတော်ပုံကြီးတို့ဖြင့် တည့်တည့်တိုးသွားပြီး မိမိတို့က ဒေါ်အောင်ဆန်းစုကြည်ကို ခေါင်းဆောင်တင်ခဲ့ကြောင်း၊ ထိုသို့ ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်ခြင်း၊ ၎င်း၏ အရည်အချင်းရှိခြင်းတို့ကြောင့် မိမိတို့ ကျောင်းသား၊ ရဟန်းရှင်လူများက ဝိုင်းဝန်းတင်မြှောက်ခဲ့ခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီဆိုတာ ဖြစ်လာခဲ့ရကြောင်း။

ထိုအချိန်ကာလတွင် ဝန်ကြီးချုပ်ဟောင်း ဦးနု၊ ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဗိုလ်မှူးအောင်၊ ဗိုလ်ရဲထွဋ်၊ ဝိစူရသခင်ချစ်မောင်၊ ဦးသုဝေတို့ရှိကြောင်း၊ တိုင်းပြည်၏အနာဂတ်ကို မျှော်မှန်းနိုင်သည့် ခေါင်းဆောင်များရှိပါလျက် ထိုအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်သာလျှင် ကျောင်းသားများ၏ခေါင်းဆောင်ဖြစ်သင့်သည်ဟု ယုံကြည်ကာ မိမိအပါအဝင်အားလုံးက ဝိုင်းဝန်းထမ်းတင်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပေါ်ပေါက်လာပြီး ၈၈ အရေးတော်ပုံနှင့် ဒီမိုကရေစီတော်လှန်ရေးကို ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီကမောင်ပိုင်စီးပြီး မိမိတို့အားလုံး မှေးမှိန်ပျောက်ကွယ်သွားကာ မိမိတို့အားလုံး အရှင်းခံခဲ့ရကြောင်း၊ ၎င်းတို့အစိုးရဖြစ်ချိန်တွင် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပြောကြားခဲ့သည်မှာ **"အခုအချိန်ကျွန်မတို့လိုနေတာက ပန်းပုဆရာတွေပါ။ သစ်ခုတ်သမားတွေ မလိုအပ်တော့ဘူး"** ဟု ပြောခဲ့ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် သူရိယနေ့ဝန်းဂျာနယ်တွင် **"သစ်ခုတ်သမားငါး"** ဆိုသည်နှင့် ဆောင်းပါးများစွာ ရေးသားခဲ့ကြောင်း၊ မိမိတို့ကို မည်သို့အသုံးချခံခဲ့ရသည်ကို ပြောလိုကြောင်း။

၈၈ အရေးတော်ပုံဖြစ်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံရေးပါတီထူထောင်ခွင့်ပေးသည့်အချိန်တွင် NLD ပါတီသည် အကြီးဆုံးပါတီ ဖြစ်လာပြီး ဒုတိယအကြီးဆုံးပါတီမှာ မိမိတို့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဖြစ်ကြောင်း၊ NLD ပါတီအင်အားသည် ငါးသန်းကျော်ခန့်ရှိပြီး မိမိတို့ပါတီမှာ အင်အားတစ်သန်းကျော်ခန့်ရှိကြောင်း၊ မိမိတို့ပါတီအနေဖြင့် ပါတီရုံးခန်းပေါင်း ၃၀၀ ကျော် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ထိုအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မိုးသီးဇွန်တို့ ပြဿနာတက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်မှ မိမိအား၎င်း၏နေအိမ်တွင် မိုးသီးဇွန် နှင့်ပတ်သက်သည့် စာတစ်စောင်ထုတ်ရန် တာဝန်ပေးခဲ့ကြောင်း၊ မိမိတို့ပါတီဥက္ကဋ္ဌအား အထွေထွေအတွင်းရေးမှူး မိမိက ပြန်ပြီးရှင်းရမည့်ပွဲဖြစ်ကြောင်း၊ မိမိအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို လေးစားသည့်အတွက် ၎င်း၏ညွှန်ကြားချက်အရ စာအုပ်တစ်အုပ်ထုတ်ခဲ့ကြောင်း၊ **"မိုးသီးဇွန် (သို့မဟုတ်) ကြိုးမဲ့လေတံခွန်"** ဆိုသည့် စာတမ်းကို ရေးသားခဲ့ကြောင်း၊ ယင်းစာတမ်းကြောင့် မိမိတို့ပါတီနှစ်ခြမ်းကွဲခဲ့ရပြီး ပါတီမှာ ယနေ့အချိန်အထိ ပျောက်ကွယ်ခဲ့ရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မိမိအနေဖြင့် ယခုအချိန်တွင် ဖွင့်ချပြသင့်သည်ဟုထင်၍ ဖွင့်ချခဲ့ရခြင်းဖြစ်ကြောင်း။

ဒေါ်အောင်ဆန်းစုကြည်၏ ကြိုးကိုင်စွက်ဖက်မှုကြောင့် မိမိတို့ပါတီ ပြိုကွဲခဲ့ရကြောင်း၊ မိမိတို့ပါတီ မြေပေါ်တွင် မရှိတော့သည့်အတွက် NLD ပါတီသည် ပြိုင်ဘက်မရှိသည်အထိ အင်အားကြီးခဲ့ပြီး တစ်ခုတည်းသောပါတီဖြစ်လာခဲ့ကြောင်း၊ ထို့အပြင် NLD သည် လူထုထောက်ခံမှုများသည့် ပါတီလည်းဖြစ်ခဲ့ကြောင်း၊ ပါဂျောင်တွင် ထွန်းအောင်ကျော် အပါအဝင် တောခိုသွားသည့် ကျောင်းသားများ အသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ မိမိတို့တင်ပြခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မည်သို့မျှ ဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ကြောင်း၊ အလားတူ ဦးနုမှ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြန်လည်ပေါင်းစည်းရေး ကြိုးပမ်းပေးရန် မိမိအား ဦးမျိုးညွန့်၏ရှေ့တွင် ပြောကြားပေးခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်မှ ဦးနုကို လက်မခံခဲ့ကြောင်း၊ ထို့အတူ ဦးသုဝေ၊ ဝိစူရသခင် ချစ်မောင်၊ ဗိုလ်ရဲထွဋ်တို့ အားလုံးကို မည်သူ့ကိုမှလက်မခံဘဲ ငါတကောကောလာသည့်အချိန်တွင် ၈၈ တစ်ခုလုံးကို ငါတကောကောပြီး အကုန်လုံးကို ဖယ်ရှားသောကြောင့် မိမိတို့အနေဖြင့် ဘုရားပြီး၍ ငြမ်းဖျက်ခံခဲ့ရသည့်ဘဝကို ရောက်ခဲ့ကြရကြောင်း။

ဗိုလ်မှူးကြီးဟောင်း ချစ်ခိုင်နေအိမ်တွင် မိမိအပါအဝင် သခင်တင်မြ၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်ချုပ်ကြီးသူရတင်ဦး၊ ဦးလွင်တို့က ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လိုထိန်းကြမလဲ၊ ဒေါ်အောင်ဆန်းစုကြည်က ငါတကောကောပြီး ဆက်သွားရင် တိုင်းပြည်ဒုက္ခရောက်တော့မယ်ဆိုသည်ကို လျှို့ဝှက်အစည်းအဝေးလုပ်ကြကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး လက်ရှိသက်ရှိထင်ရှားရှိနေသည့် သူရဦးတင်ဦးအား မေးကြည့်၍ရကြောင်း၊ မိမိကို ထောက်လှမ်းရေးမှ များယွင်းဖမ်းဆီးသည့်အချိန်တွင် မိမိအားထောင်မှလွှတ်ပေးရန် ဗိုလ်ချုပ်အောင်ရွှေမှ ဗိုလ်ချုပ်ခင်ညွန့်ကို တင်ပြရာတွင် အကြောင်းအမျိုးမျိုးကြောင့် ထောင်မှမလွှတ်ခဲ့သည့်အတွက် မိမိတို့ပါတီကို ပြန်လည်မထိန်းနိုင်တော့ဘဲ NLD ကို ထိန်းနိုင်သည့် တစ်ခုတည်းသော ကျောင်းသား ပါတီပျောက်ကွယ်ခဲ့ရကြောင်း၊ ထိုအချက်များသည် မိမိတို့ အသုံးချခံခဲ့ရသည့် အချက်များသာဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ ပြည်ပသို့ထွက်သွားမည့်အချိန်တွင် ဒေါ်အောင်ဆန်းစုကြည်ကို သွားရောက်တိုင်ပင်ရာတွင် မထွက်သွားဘဲ မြန်မာပြည်အတွင်းနေ၍ အဖမ်းခံရန် ညွှန်ကြားခဲ့ကြောင်း၊ မိမိတို့ကို မည်သည့်ခေါင်းဆောင်မှုမျှ မပေးနိုင်ဘဲ မိမိတို့ ၈၈ တစ်ခုလုံး ကြေမွပျောက်ကွယ်သွားပြီး အားလုံး သစ်ခုတ်သမားများဖြစ်ခဲ့ခြင်းကြောင့် ၈၈ မျိုးဆက်များ အားလုံး ကိုယ်စား ယခုကဲ့သို့ မိမိအနေဖြင့် ဖွင့်ချပြခြင်းဖြစ်ကြောင်း။

NLD အာဏာရလာသည့် အချိန်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် လက်တစ်ဆုပ်စာ လူတစ်စုမှ NLD နှစ်ပေါင်း ၅၀/၁၀၀ အထိ ဆက်လက်အာဏာရရှိရေးဆိုသည့် မဟာဗျူဟာချမှတ်ပြီးသည့်အခါတွင် လုပ်သင့်လုပ်နိုင်သည့် အရည်အချင်းရှိသည့် ရဟန်းရှင်လူ ကျောင်းသားများအားလုံးသည် ဘေးရောက်၊ တောထဲရောက်ပြီး ပြည်ပြေးများဖြစ်ကာ သေသူသေ၊ ကိုယ်ဖြစ်ကိုယ်ခံအဖြစ်နှင့် တစ်ဖန် ပြန်ဖြစ်လာပြီး NUG ပြန်ဖြစ်လာကြောင်း၊ NUG ၏ ကြိုးကိုင်မှု၊ NLD အစွန်းရောက်များ၏ ကြိုးကိုင်မှုကြောင့်

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

PDF လူငယ်များနှင့် မြန်မာလူငယ်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် NUG Virus ထိနေသည်ဟု ပြောလိုကြောင်း၊ ထို Virus ကြောင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် တစ်နိုင်ငံလုံးရှိ လူငယ်များသည် ကျော်မကောင်း၊ ကြားမကောင်းအောင် စစ်ကိုင်းတံတားထိပ်တွင် ရုပ်ရှင်ထဲကကဲ့သို့ သေနတ်ဖြင့် ခံပစ်မှုများဖြစ်ခဲ့ခြင်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် NUG, NLD Virus ၏ Effect များသာဖြစ်ကြောင်း၊ ထို့ကြောင့် ထို Virus ကို ချေမှုန်းရန် Virus ကို Virus နှင့် တူသည့်အရာကို ပြန်လည်ဖန်တီးပြီး Anti NLD , Anti NUG, Anti Virus တစ်ခု ပြန်လည်တည်ဆောက်ရန်လိုမည်ဟု မိမိအနေဖြင့် အကြံပြုလိုကြောင်း၊ ဖိတ်ခေါ် နေရုံမျှဖြင့် မရနိုင်ကြောင်း၊ မောင်မောင်ခေါ်၍ ဗျာမထူးလျှင် အောင်ကျော်ခေါ်ရန် လိုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Anti Virus ပြန်လည်ဖန်တီးရန် လိုမည်ဖြစ်ကြောင်း။ မိမိတို့ ၈၈ မျိုးဆက်သစ်ကြီး တစ်ခုလုံးအသုံးချခံခဲ့ရသကဲ့သို့ ယနေ့ကာလ၌ မြန်မာလူငယ်များအနေဖြင့် တောထဲတွင် ဘာလုပ်ရမည်ကို မသိဖြစ်နေကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည် Virus၊ NUG , NLD Virus ကို ပျောက်ကွယ်သွားစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူငယ်ထုကိုပြန်လည်စည်းရုံးကာ လူငယ်ထုအားကိုယူပြီး ယင်း Virus များကို ပြန်လည်တိုက်ခိုက်ရန် နည်းလမ်းတစ်ခုလိုအပ်နေသည်ကို အကြံပြုလိုကြောင်း၊ ထို့ကြောင့် နောင်တွင် မိမိတို့ကို ၈၈ တွင် အသုံးချခံခဲ့ရသကဲ့သို့ လက်ရှိမြန်မာလူငယ်များ အသုံးချခံရမည်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် လူငယ်ကွန်ဗင်းရှင်းများ၊ လူငယ်ညီလာခံများ၊ လူငယ်တွေ့ဆုံပွဲများ၊ လူငယ်နိုင်ငံရေးပါတီများ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လူငယ်များနှင့် ပတ်သက်ပြီး ၈၈ အရေးအခင်းကာလတွင် ကျောင်းသားများကို အသုံးချခံခဲ့ရသည်များနှင့် ပတ်သက်၍ ကိုယ်တွေ့ အတွေ့အကြုံများကို ပြောပြခဲ့သည့်အတွက် ကျေးဇူးတင်ရှိသည်ကို ပြောလိုကြောင်း၊ NLD ပါတီအထဲတွင် လက်ရှိအချိန်အထိ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးလမ်းကြောင်းကို သွားလိုသူများရှိနေကြောင်း၊ ၎င်းတို့ကိုယ်တိုင် ၈၈ မျိုးဆက်သစ်က ကျန်ရစ်ခဲ့သူများဖြစ်ကြောင်း၊ ၎င်းတို့ပြောကြားချက်အရ NLD ပါတီအထဲတွင် ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်း NLD ပါတီအတွင်းမှ တောထဲ ရောက်သွားသူများ၊ အစိုးရဆန့်ကျင်နေသူများမှ ၈၀ ရာခိုင်နှုန်းခန့်သည် ၂၀၁၂ နောက်ပိုင်းတွင် NLD ပါတီအတွင်း ရောက်ရှိလာသူများဖြစ်သည်ဟု သိရကြောင်း၊ NLD ပါတီမှ ယခင်ကတည်းက သန္ဓေပါတီဝင်အများစုသည် ပြည်တွင်းမှာသာ ရှိနေကြပြီး ၎င်းတို့အနေဖြင့် စေ့စပ်ညှိနှိုင်းဆွေးနွေးရေးလမ်းကြောင်းကိုသာ ယခင်ကတည်းက ယုံကြည်ခဲ့ပြီး လက်ရှိအချိန်အထိ ကိုင်စွဲနေကြသူများဖြစ်သည်ဟု သိရကြောင်း၊ ကိုယ်စားလှယ်များ၏ လေးပုံသုံးပုံခန့်သည် ငြိမ်းချမ်းစွာနေလိုသည်ဟု လက်မှတ်ရေးထိုးပြီး ကျန်ခဲ့သူများဖြစ်ကြောင်း၊ ထိုသို့ပြောရခြင်းသည် ဦးမိုးဟိန်းပြောသည့် အချက်အလက်များမှာ မှန်ကန်သည်ကို မိမိအနေဖြင့် ထောက်ခံထောက်ပြသည့် အကြောင်းအရာများကို ပြောခြင်းဖြစ်ကြောင်း။

လူငယ်များနှင့်ပတ်သက်၍ နိုင်ငံရေးအပိုင်းထက် ပညာရေးပိုင်းနှင့် အသိပညာတိုးတက်ရေး အပိုင်းတို့တွင် လက်တွေ့လုပ်ဆောင်နေကြောင်း၊ ကျောင်းသားလူငယ်များနှင့် ပတ်သက်ပြီး ပညာရေးသာမက အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ နိုင်ငံ့အရေးပိုင်းအပိုင်းတွင် လုပ်ဆောင်မှုအားနည်းသည်ကို မိမိအနေဖြင့် ဝန်ခံကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး အစိုးရအဖွဲ့အစည်းအဆင့်ဆင့်၊ လူငယ်ရေးရာကို ကိုင်တွယ်သည့် အဖွဲ့အစည်းအဆင့်ဆင့်တို့ကလည်း မှန်ကန်သည့် နိုင်ငံ့အရေး၊ မှန်ကန်သည့် အမျိုးသားရေးတို့တွင် မှန်ကန်သော လုပ်ဆောင်ချက်များ လုပ်ဆောင်နိုင်ရန် ဆက်လက်တိုက်တွန်း အားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေ့ဝန်းသတင်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က လက်ရှိတိုင်းပြည်ကို ဆူပူအုံကြွစေရန်လုပ်ဆောင်နေသည့် NUG မှ ဦးဆောင်သူများဖြစ်သည့် ရည်မွန်၊ ဆာဆာ၊ ဇော်ဝေစိုး၊ ပန်ဆယ်လို၊ မျိုးရန်နောင်သိန်း၊ မင်းမော်ကွန်းအစရှိသည့်သူများသည် ပြည်ပတွင် ရောက်ရှိနေပြီး ၎င်းတို့၏မိသားစုဝင် သား၊ သမီးများမှာလည်း ပြည်ပတွင် ကျောင်းတက်နေကြကြောင်း၊ သို့သော် ပြည်တွင်းတွင် ကျောင်းတက်နေသည့်ကလေးများအား ကျောင်းမတက်ရန်၊ ကျောင်းများပိတ်ရန် ဝါဒဖြန့် လှုံ့ဆော်နေကြကြောင်း၊ ထို့အတူ ခေတ်အဆက်ဆက် NLD နှင့် လက်ရှိ NUG ခေါင်းဆောင်များ၏ သားသမီးများသည် ပြည်ပတွင် ကောင်းစားနေပြီး မည်သူ၏သားသမီးသည် မည်သည့်နိုင်ငံ၊ မည်သည့်ကျောင်းတွင် တက်နေသည်ကို ပြည်သူများ သိရှိစေရန် ဓါတ်ပုံနှင့်တစ်ကွ ဖော်ပြထုတ်ပြန်ပေးစေလိုကြောင်းဖြင့် အကြံပြုပြောကြားသည်။

**“ပုံစံ-၇ နှင့် ပတ်သက်၍ ပွင့်လင်းစွာပြောရလျှင် တချို့ကိစ္စများတွင် မသမာမှုများ ရှိနေသည်ဟု သိရှိရကြောင်း၊ ယင်းမသမာမှုဟုဆိုရာတွင် လျှောက်ထားသူနှင့် ချပေးပိုင်ခွင့်ရှိသူတို့ နှစ်ဖက်စလုံးတွင် မသမာမှုများ ရှိနေသည်ဟုသိရကြောင်း၊ ယင်းကိစ္စများကို စစ်ဆေးနေရသည့်အတွက် ကြန့်ကြာမှုများ ရှိနေခြင်းဖြစ်ကြောင်း၊ စီမံချက်အနေဖြင့် လောလောဆယ်လုပ်ဆောင်ရန် အစီအစဉ်မရှိသေးကြောင်း၊ သို့သော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပေါ်လာသည့်အခြေအနေပေါ် မူတည်ပြီး ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း**

**Bullet News ဂျာနယ်မှထုတ်ဝေသူ ဦးလှဆွေ**က ပန်းခင်းစီမံချက်ဖြင့် တစ်နိုင်ငံလုံးတွင် နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်) မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်)များကို စီမံချက်ဖြင့် ပြုလုပ်ပေးနေသည်မှာ အောင်မြင်နေသည်ဟုကြားသိရကြောင်း၊ အလားတူ လယ်ယာမြေနှင့်ပတ်သက်ပြီး ပုံစံ-၇ မရရှိသေးသည့် ပြည်သူများစွာရှိသည်ဟု သိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပုံစံ-၇ မရသေးသည့် တောင်သူများကို ပုံစံ-၇ ထုတ်ပေးရန် စီမံချက်တစ်ခုချမှတ်၍ လုပ်ဆောင်ပေးရန်အစီအစဉ် ရှိ/မရှိ မေးမြန်းလိုကြောင်းနှင့် နောက်ထပ်မေးခွန်းတစ်ခုမှာ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၊ ရွှေခဲအင်းအုပ်စု၊ သီရိမင်္ဂလာကျေးရွာသည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကတည်းက တည်ထားသည့်ကျေးရွာဖြစ်သည်ဟု သိရကြောင်း၊ ယင်းကျေးရွာတွင် အိမ်ခြေအများအပြားရှိပြီး ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများလည်းရှိကြောင်း၊ ယင်းကျေးရွာသည် လက်ရှိတွင် သစ်တောကျူးအနေဖြင့်သာရှိနေပြီး ကျေးရွာအဖြစ် သတ်မှတ်ထားခြင်း မရှိသေးကြောင်း၊ ထိုကျေးရွာနှင့် ပတ်သက်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံတင်ပြထားကြောင်း၊ အဆိုပါ ကျေးရွာအား ကျေးရွာအဖြစ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း။

အလားတူ နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ နေထိုင်ရန်အတွက် ဆောက်လုပ် ပြီးရောင်းချပေးနေသည့် သုခဝတီအိမ်ရာသည် လက်ရှိတွင် လေးထပ်၊ ငါးထပ်တိုက်အလုံး ၂၀/၃၀ ခန့် ဆောက်လုပ်ပြီး လူဦးရေ ၇၀၀ ခန့် လက်ရှိနေထိုင်လျက်ရှိကာ နောက်ထပ်လူဦးရေ ၁၀၀၀ ခန့်ထပ်မံရောက်ရှိ နေထိုင်လာနိုင်သည်ဟု သိရကြောင်း၊ လက်ရှိတွင် ယင်းအိမ်ရာတွင် နေထိုင်သူများ၏ အုပ်ချုပ်မှုနှင့် ပတ်သက်ပြီး အမြန်လမ်းအနောက်ဘက်ရှိ ဒိုးနွယ်ကျေးရွာအုပ်ချုပ်ရေးမှူးထံ ဧည့်စာရင်းတိုင်ခြင်း၊ ထောက်ခံစာများပြုလုပ်ခြင်းများ လုပ်ဆောင်နေရကြောင်း၊ ထို့ကြောင့် အဆိုပါ သုခဝတီအိမ်ရာအား ရပ်ကွက်အဖြစ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုကြောင်းနှင့် နောက်ဆုံးမေးခွန်းတစ်ခုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိလက်နက်များသည် KIA ထုတ်များဖြစ်နေခြင်း၊ အလားတူ ဩဂုတ် ၁၆ ရက်၌ KIO အတွင်းရေးမှူးက အင်တာဗျူးတစ်ခုတွင် ၎င်းတို့အနေဖြင့် နိုင်ငံတော်အစိုးရကို ပုန်ကန်တိုက်ခိုက်နေသူ အားလုံးကို ထောက်ပံ့ရန် မူဝါဒချထားကြောင်း၊ နည်းမျိုးစုံနှင့် ထောက်ပံ့မည်ဖြစ်ကြောင်း၊ ယခင်ကတည်းကလည်း ထောက်ပံ့နေကြောင်း ဝန်ခံပြောကြားသွားသည်ကို ကြားသိခဲ့ရကြောင်း၊ လက်ရှိ ဖမ်းဆီးရမိလက်နက်များမှ KIA ထုတ်လက်နက်များ ဖြစ်ကြောင်း၊ ထို့ကြောင့် KIA လိုင်ဇာဌာနချုပ်ကို မတိုက်သေးဘူးဆိုလျှင်ပင် ၎င်းတို့၏ လက်နက်စက်ရုံအား ဗုံးကြဲသင့်သည်ဟု မိမိထင်မြင်ကြောင်း၊ ထို့ကြောင့် ဗုံးကြဲတိုက်ခိုက်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပုံစံ-၇ နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေကို ဦးစွာပြောကြားလိုကြောင်း၊ ၂၀၁၃ ခုနှစ်မှ စတင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ-၇ ထုတ်ပေးနိုင်ရေး နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လက်ထက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြို့နယ်ပေါင်း ၃၀၁ မြို့နယ်၊ တောင်သူလယ်သမား ၆ ဒသမ ၁၉ သန်းကျော်နှင့် ဦးပိုင် ၁၀ ဒသမ ၀၈ သန်းကျော်လျာထားခဲ့ကြောင်း၊ စတင်ဆောင်ရွက်ခဲ့ချိန်တွင် လျှောက်လွှာပုံစံ(၁) ဖြင့် တောင်သူများကိုယ်တိုင် လာရောက်ထုတ်ယူခဲ့ရာ ၆ ဒသမ ၄၂ သန်းအထိ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်တွင် ပုံစံ-၇ ပြန်လည်ထုတ်ပေးပြီးစီးမှုမှာ တောင်သူပေါင်း ၆ ဒသမ ၁၄ သန်း၊ ဦးပိုင်ပေါင်း ၁၀ ဒသမ ၁၁ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၂၇ ရာခိုင်နှုန်းအထိ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့်တောင်သူများမှာ ငါးသောင်းကျော်ခန့် ကျန်ရှိခဲ့ပြီး ဦးပိုင်ပေါင်း ခုနစ်သောင်းခန့်ကျန်ရှိခဲ့သဖြင့် ကျန်ရှိမှုအနေဖြင့် သုည ဒသမ ၇၃ ရာခိုင်နှုန်းကျန်ရှိကြောင်း၊ ကျန်ရှိခဲ့သူများသည် နယ်မြေဒေသအခြေအနေအရ သွားရောက်၍ မရခြင်း၊ ခက်ခဲခြင်း၊ မြေယာအငြင်းပွားမှုများရှိခြင်း၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားခွင့်ပြုကတ် မရရှိခြင်းများ၊ လယ်ယာမြေပိုင်ဆိုင်ထားသည့် အိမ်ထောင်စုအကြီးအကဲမှာ မြေတည်ရှိရာဒေသတွင် နေထိုင်မှုမရှိဘဲ အခြားဒေသတွင် ရောက်ရှိနေပြီး ယခုအချိန်တိုင် လာရောက်၍ လျှောက်ထားမှုမရှိခြင်း စသည်ဖြင့် စစ်ဆေးတွေ့ရှိရကြောင်း။

ပုံစံ-၇ သည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဖွဲ့စည်းပုံပါ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ အပ်နှင်းထားသော လုပ်ငန်းတာဝန်မဟုတ်ကြောင်း ၊ သို့သော် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေအရအပ်နှင်းထားသည့် လုပ်ငန်းတာဝန်များသာဖြစ်ကြောင်း၊ ထို့ကြောင့် ပုံစံ-၇ ထုတ်ပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းခြင်း အပါအဝင် စုံညီအဖွဲ့အစည်းများနှင့် လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းသည် ပန်းခင်းစီမံချက်နှင့် သဘောသဘာဝမတူညီကြောင်း၊ ပုံစံ-၇ နှင့် ပတ်သက်၍ ပွင့်လင်းစွာပြောရလျှင် တချို့ကိစ္စများတွင် မသမာမှုများ ရှိနေသည်ဟု သိရှိရကြောင်း၊ ယင်း မသမာမှုဟုဆိုရာတွင် လျှောက်ထားသူနှင့် ချပေးပိုင်ခွင့်ရှိသူတို့ နှစ်ဖက်စလုံးတွင် မသမာမှုများရှိနေသည်ဟုသိရကြောင်း၊ ယင်းကိစ္စများကို စစ်ဆေးနေရသည့်အတွက် ကြန့်ကြာမှုများ ရှိနေခြင်းဖြစ်ကြောင်း၊ စီမံချက်အနေဖြင့် လောလောဆယ် လုပ်ဆောင်ရန် အစီအစဉ်မရှိသေးကြောင်း၊ သို့သော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပေါ် လာသည့်အခြေအနေပေါ်မူတည်ပြီး ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒုတိယအနေဖြင့် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းအုပ်စုမှကျေးရွာအဖြစ် သတ်မှတ်ပေးရန် အဆိုပြုထားသည့်နေရာသည် ယခင်ကတည်းက သစ်တောမြေအထဲတွင် ပါဝင်ကြောင်း၊ ဘုရားတည်ထားသည်ဆိုသည့် အထောက်အထားများ ရှိသည်ဆိုသော်လည်း ယင်းဘုရားသည် သစ်တောအထဲတွင် တည်ထားသည့်ဘုရား (သို့မဟုတ်)နောက်မှရွာပေါ် လာသည်လားဆိုသည်ကို မိမိအနေဖြင့် မသိနိုင်ကြောင်း၊ နေပြည်တော်နယ်မြေတစ်ဝိုက်တွင် ထိုသို့ သစ်တောမြေတွင် တည်ထားသည့် ရွာများရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယင်းတစ်ရွာတည်းကို ဦးစားပေး ဆောင်ရွက်မည်ဆိုပါက အလားတူရွာများ မြောက်မြားစွာရှိကြောင်း၊ နေပြည်တော်သည် ဖွံ့ဖြိုးတိုးတက်လာသည့်နှင့်အညီ ယခင်ကတည်းက နေပြည်တော်ကို တည်ဆောက်ရာတွင် စနစ်တကျ မြို့ကွက်ချ တည်ဆောက်ခဲ့ကြောင်း၊ သို့သော်လည်း သစ်တောမြေများအတွင်း ဝင်ရောက်နေထိုင်သည်များလည်း ရှိကြောင်း၊ မကွေး- ကံပြားဘက်သွားသည့် လမ်းတစ်လျှောက်တွင်လည်းကောင်း၊ ပင်လောင်းဘက်သွားသည့်လမ်းတစ်လျှောက်တွင်လည်းကောင်း၊ အလားတူ တပ်ကုန်းဘက်သွားသည့်လမ်း တစ်လျှောက်တို့ရှိ ရွာများလည်းရှိကြောင်း၊ ထို့ကြောင့် တစ်ရွာတည်း ဦးစားပေးဆောင်ရွက်၍ မရကြောင်း၊ မြေပြင်အခြေအနေနှင့် ပတ်သက်ပြီး ဆက်လက်သုံးသပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ သုခဝတီအိမ်ရာအား သုခဝတီရပ်ကွက်အဖြစ် သတ်မှတ်ပေးနိုင်ရေး ကိစ္စနှင့်ပတ်သက်ပြီး နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများ တွေ့ဆုံညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# သံတမန်စကား၏ နောက်ကွယ်မှ ရည်ရွယ်ချက်

ဇင်ငြိမ်း

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer သည် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အထူးကိုယ်စားလှယ်သည် ယင်းသို့ တွေ့ဆုံဆွေးနွေးခဲ့မှုနှင့် ၎င်းဆွေးနွေးခဲ့သည့်အကြောင်းအရာများကို သတင်းထုတ်ပြန်ချက်အဖြစ် ဩဂုတ် ၁၇ ရက်က ကုလသမဂ္ဂ၊ မြန်မာအင်တာနက်စာမျက်နှာတွင် ဖော်ပြခဲ့ပါသည်။

> ‘ယနေ့ ကမ္ဘာတွင်ဖြစ်နေသည့် ပဋိပက္ခများတွင်လည်း ကုလသမဂ္ဂသည် အမေရိကန်နိုင်ငံနှင့် OIC တို့ကဲ့သို့ ငွေကြေးထောက်ပံ့သည့်အဖွဲ့တို့၏ ကြိုးဆွဲရာ ဖြစ်လာနေပါသည်။ အမေရိကန်နိုင်ငံက အီရတ်နိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ရာတွင် ကုလသမဂ္ဂအနေဖြင့် မည်သို့မျှ ဝင်ရောက်မဖြေရှင်းနိုင်ခဲ့ချေ။ ထို့အတူ အာဖဂန်နစ္စတန် နိုင်ငံအား အမေရိကန်နိုင်ငံက ဝင်ရောက်တိုက်ခိုက်ချိန်တွင်လည်း ကုလသမဂ္ဂက မည်သို့မျှ မတားဆီးနိုင်ခဲ့ပါ။ ယခုဖြစ်ပွားနေသည့် ရုရှား-ယူကရိန်းစစ်ပွဲတွင်လည်း ကုလသမဂ္ဂ မည်သို့မျှ မဖြေရှင်းပေးနိုင်ခဲ့ပါ။ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးလုပ်ဆောင်ရာတွင် အားနည်းချက်များရှိနေသည့်သဘောဖြစ်ပါသည်။ စစ်ပွဲများ မဖြစ်ပွားစေရန် တားဆီးရမည့်အစား စစ်ပွဲများဖြစ်လာမှ လူသားချင်းစာနာမှု ထောက်ပံ့ကူညီရေး လုပ်ဆောင်နေသည့် ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်မှာ အနာတခြား ဆေးတခြား ဖြစ်နေပါသည်’

အထူးကိုယ်စားလှယ်၏ ထိုသတင်းထုတ်ပြန်ချက်တွင် အမှန်တကယ်ဆွေးနွေးခဲ့မှုများနှင့် များစွာကွဲလွဲ၍ ထုတ်ပြန်ထားကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ဆွေးနွေးချက်မှတ်တမ်းကို ထုတ်ပြန်ခဲ့သည်ကို တွေ့ရပါသည်။

အမှန်တကယ်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ဖော်ပြထားသော ဆွေးနွေးချက်မှတ်တမ်းနှင့် အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်ပါ ဆွေးနွေးခဲ့ပါသည်ဆိုသည့် အချက်အချို့မှာ ကွဲလွဲလျက်ရှိပါသည်။

ထိုကွဲလွဲချက်များတွင် မဆွေးနွေးခဲ့သည့် အချက်အချို့နှင့် စကားရပ်များ ပါဝင်နေပြီး ပြည်တွင်း၊ ပြည်ပ အမြင်မှားနိုင်သည့်အချက်များ ဖြစ်ပါသည်။ အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်တွင် “ကျွန်မရဲ့ခရီးစဉ်က ကုလသမဂ္ဂရဲ့ စိုးရိမ်မှုကို အသိပေးပြောကြားဖို့နဲ့ ပြည်သူတွေ ဘေးဒုက္ခခံစားနေရတာတွေနဲ့ ပဋိပက္ခကို လျှော့ချဖို့ လိုအပ်နေတဲ့၊ ခိုင်မာအားကောင်းတဲ့ ဆောင်ရွက်ချက်တွေကို အဆိုပြုဖို့ဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ ထိတွေ့ဆက်ဆံမှုက မည်သည့်နည်းနဲ့မျှ တရားဝင်မှုကို ပေးဆောင်ခြင်းမဟုတ်ပါ။ မြန်မာပြည်သူ ပြည်သားတွေဟာ ဒီမိုကရေစီနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အကြောက်တရား ကင်းမဲ့စွာနဲ့ ရရှိပိုင်ခွင့်ရှိပါတယ်။ ဒီလိုရရှိဖို့ဟာ အားလုံးပါဝင်နိုင်တဲ့ လုပ်ငန်းစဉ်တစ်ခုမှာ သက်ဆိုင်ရာပါဝင်သူအားလုံးရဲ့ ကောင်းမွန်တဲ့ စိတ်ဆန္ဒနဲ့ ကြိုးပမ်းဆောင်ရွက်မှုရှိမှသာ ဖြစ်နိုင်မှာပါ” ဟု ဖော်ပြထားပါသည်။

### အကြမ်းဖက်မှုများ တားဆီးနိုင်ရန် ရည်ရွယ်

သတင်းထုတ်ပြန်ရေးအဖွဲ့၏ ဆွေးနွေးမှုမှတ်တမ်းတင်မှုတွင် အထူးကိုယ်စားလှယ် ပြောကြားသည်မှာ **“ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres သည် ကုလသမဂ္ဂပဋိညာဉ်ကို ကာကွယ်စောင့်ရှောက်နေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ ကုလသမဂ္ဂပဋိညာဉ်တွင် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တိကျစွာ ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား အမြဲတမ်းဖော်ပြလျက်ရှိသည်ကို မိမိအနေဖြင့် သတိပြုမိပါသည်။ ကမ္ဘာပေါ်တွင် နောက်ထပ်ဖြစ်ပေါ်လာမည့် ပဋိပက္ခဖြစ်ပွားမှုများနှင့် အကြမ်းဖက်မှုများကို တားဆီးနိုင်ရန် ရည်ရွယ်၍ ကုလသမဂ္ဂ အဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ အဓိကအရေးကြီးဆုံးအချက်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်က အမြဲတမ်းထုတ်ဖော်ပြောကြားလျက်ရှိသည့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုဟူသော အချက်နှင့် ပတ်သက်၍လည်း ကုလသမဂ္ဂအနေဖြင့် နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အမြဲတမ်း အသိအမှတ်ပြု လေးစားလျက်ရှိပါသည်။”** ဟု ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ **“ကုလသမဂ္ဂရဲ့ ထိတွေ့ဆက်ဆံမှုက မည်သည့်နည်းနဲ့မျှ တရားဝင်မှုကို ပေးဆောင်ခြင်း မဟုတ်ပါ”** ဟူသည့် ဆွေးနွေးချက် မပါဝင်သည်ကို တွေ့ရပါသည်။

### မရိုးသားသည့်သဘော ဆောင်နေ

ဆွေးနွေးမှုတွင် ပြောကြားချက်နှင့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြချက်ကွဲလွဲနေသည်မှာ အံ့ဩဖွယ်ဖြစ်ပါသည်။ ယင်းသို့ကွဲလွဲမှုမှာ သာမန်လွဲမှားမှုမျိုး မဟုတ်ဘဲ သတင်းထုတ်ပြန်သည့်အချိန်မှ ရည်ရွယ်ချက်ရှိရှိ ထည့်သွင်းခြင်းဖြစ်ပါသည်။ သတင်းထုတ်ပြန်ချက်တွင် အမှန်တကယ် ဆွေးနွေးခဲ့သည်များနှင့် သဘောတူခဲ့သည့် အချက်များ၊ သဘောထားကွဲလွဲသည့်အချက်များကိုသာ ဖော်ပြသင့်သော်လည်း ဆွေးနွေးမှုနှင့် ကွဲလွဲစွာဖော်ပြခြင်းသည် မရိုးသားသည့်သဘော ဆောင်နေပါသည်။

ဘင်္ဂါလီဒုက္ခသည်များနှင့် ပတ်သက်၍ ဆွေးနွေးရာတွင်လည်း ရိုဟင်ဂျာဟု သုံးနှုန်းခဲ့ခြင်းမရှိဘဲ သတင်းထုတ်ပြန်ချက်တွင်မူ မြန်မာနိုင်ငံမှ လက်မခံသော ရိုဟင်ဂျာဟူသည့် အခေါ်အဝေါ်ကို သုံးနှုန်းထားပါသည်။ ထို့ပြင် ဩစတြေးလျ စီးပွားရေးပညာရှင် Mr. Sean Turnell နှင့် ပတ်သက်၍လည်း ကုလသမဂ္ဂအထူးကိုယ်စားလှယ်က **“မြန်မာနိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားသည့် ဩစတြေးလျ စီးပွားရေး ပညာရှင် Mr. Sean Turnell ကို ပြန်လွှတ်ပေးမည်ဆိုလျှင် မြန်မာနိုင်ငံနှင့် ဩစတြေးလျ နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုကို ဖော်ညွှန်းပြသနိုင်သည့် အခြေအနေတစ်ခုဖြစ်ပေါ်လာမည် ဖြစ်ပါသည်။”** ဟု ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ ဩစတြေးလျ စီးပွားရေးပညာရှင် Mr. Sean Turnell ၏ အရေးသည် ဩစတြေးလျ နိုင်ငံ၏ အရေးဖြစ်ပါသည်။ ကုလသမဂ္ဂက မည်သည့်အတွက် ရှေ့နေလိုက်ပေးသည်ကို စဉ်းစားမရပါ။

### နှစ်ဦးနှစ်ဖက်ယုံကြည်မှု လျော့နည်းလာ

သို့ဖြစ်ရာ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Noeleen Heyzer အနေဖြင့် ပထမဆုံးအကြိမ် မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။ ဆက်လက်၍လည်း ထိတွေ့ဆက်ဆံမှုပြုရန် လက်ခံထားကြပြီး ဖြစ်ပါသည်။ တစ်ဖက်နှင့်တစ်ဖက် အပြုသဘောဆက်ဆံမှု၊ အပြုသဘော တိုးတက်မှုလိုလားပြီး စိတ်ရင်းမှန်ပါက အပြောနှင့် အလုပ်ညီရန် လိုအပ်ပါသည်။ ထိုသို့မဟုတ်ပါက နှစ်ဦးနှစ်ဖက်အကြား ယုံကြည်မှု လျော့နည်းလာနိုင်ပါသည်။

အထူးကိုယ်စားလှယ်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ်က မပြောကြားခဲ့သည့် စကားများ၊ အဓိပ္ပာယ်ကွဲလွဲသော စကားများကို သတင်းထုတ်ပြန်သည့်အခါ ထည့်သွင်းဖော်ပြလာခြင်းသည် မတော်တဆမှားယွင်းမှု မဖြစ်နိုင်ပါ။ ဆွေးနွေးပွဲမှတ်တမ်းနှင့် အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်ပါ ပြောကြားချက်များ မည်သည့်အတွက် ကွဲလွဲနေသနည်း။ အထူးကိုယ်စားလှယ်သည် ဆွေးနွေးပွဲတွင် သံတမန်ပရိယာယ်အရ စကားလှအောင် ပြောကြားခဲ့ခြင်းဖြစ်ပြီး သတင်းထုတ်ပြန်သည့်အခါ ကုလသမဂ္ဂ၏ လိုလားချက်အမှန်ကို ဖော်ပြလာခြင်းဟု ဆိုရပါမည်။ **ကုလသမဂ္ဂပဋိညာဉ်ကို ထိန်းသိမ်းလိုက်နာနေသည်ဆိုသည့် ကုလသမဂ္ဂအဖွဲ့ ကိုယ်တိုင်သည် မှန်မှန်ကန်ကန်ရပ်တည်၍ ပဋိပက္ခငြိမ်းချမ်းရေးကို ဦးတည်ရမည့်အစား ဘက်လိုက်၍ ပဋိပက္ခ ပိုမိုကြီးထွားရေးနှင့် မတည်ငြိမ်ရေး အပြောနဲ့အလုပ် မညီစွာ လုပ်ဆောင်နေသည့်သဘော ဖြစ်နေပါသည်။ သို့ဖြစ်၍လည်း ကမ္ဘာကြီးတွင် ပဋိပက္ခနှင့် တင်းမာမှုများ မြင့်တက်လာနေပါသည်။**

ယနေ့ ကမ္ဘာတွင်ဖြစ်နေသည့် ပဋိပက္ခများတွင်လည်း ကုလသမဂ္ဂသည် အမေရိကန်နိုင်ငံနှင့် OIC တို့ကဲ့သို့ ငွေကြေးထောက်ပံ့သည့်အဖွဲ့တို့၏ ကြိုးဆွဲရာ ဖြစ်လာနေပါသည်။ အမေရိကန်နိုင်ငံက အီရတ်နိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ရာတွင် ကုလသမဂ္ဂအနေဖြင့် မည်သို့မျှ ဝင်ရောက်မဖြေရှင်းနိုင်ခဲ့ချေ။ ထို့အတူ အာဖဂန်နစ္စတန်နိုင်ငံအား အမေရိကန်နိုင်ငံက ဝင်ရောက်တိုက်ခိုက်ချိန်တွင်လည်း ကုလသမဂ္ဂက မည်သို့မျှ မတားဆီးနိုင်ခဲ့ပါ။ ယခုဖြစ်ပွားနေသည့် ရုရှား-ယူကရိန်းစစ်ပွဲတွင်လည်း ကုလသမဂ္ဂ မည်သို့မျှ မဖြေရှင်းပေးနိုင်ခဲ့ပါ။ ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးလုပ်ဆောင်ရာတွင် အားနည်းချက်များရှိနေသည့်သဘောဖြစ်ပါသည်။ **စစ်ပွဲများ မဖြစ်ပွားစေရန် တားဆီးရမည့်အစား စစ်ပွဲများဖြစ်လာမှ လူသားချင်းစာနာမှု ထောက်ပံ့ကူညီရေးလုပ်ဆောင်နေသည့် ကုလသမဂ္ဂ၏ လုပ်ဆောင်ချက်မှာ အနာတခြား ဆေးတခြားဖြစ်နေပါသည်။**

### ကုလသမဂ္ဂ၏ ဆောင်ရွက်မှုအပေါ် သံသယဝင်စရာ ဖြစ်နေ

စစ်ဘေးကြောင့်ဖြစ်သော လူသားချင်းစာနာထောက်ပံ့ရေးလုပ်ဆောင်ရမည်မှာ မှန်သော်လည်း စစ်မက်ဖြစ်ပွားပြီးမှ လုပ်ဆောင်ခြင်းထက် စစ်မက်မဖြစ်ပွားစေရန် ဦးစွာကြိုးပမ်းသင့်ပါသည်။ သို့သော် ယခုမူ ကုလသမဂ္ဂ ကိုယ်တိုင်ပဋိပက္ခများအဆုံးသတ်နိုင်ရေး ကြိုးပမ်းမှုထက် ပဋိပက္ခများ ပိုမိုကြီးထွားစေမည့် လုပ်ဆောင်မှုများနှင့် စစ်မက်အရှိန်မြှင့်တင်ရေးကို ဦးတည်စေသော လုပ်ဆောင်မှုများတွင် ပါဝင်နေသည်ကို တွေ့မြင်ရပါသည်။ ထိုသို့ ကုလသမဂ္ဂ၏ မူလရည်မှန်းချက်ကို လွဲချော်စေသည့် လုပ်ဆောင်ချက်များကြောင့် အင်အားကြီး နိုင်ငံတစ်နိုင်ငံက နျူကလီးယားလက်နက်များ သုံးလာမည်ဆိုပါက ကုလသမဂ္ဂ၏ ထိန်းသိမ်းဆောင်ရွက်နိုင်မှုအပေါ် သံသယဝင်စရာ ဖြစ်နေပါသည်။

မြန်မာ့အရေးတွင်လည်း ကုလသမဂ္ဂအနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဒီမိုကရေစီအရေး၊ လူသားချင်းစာနာမှုဟု ဆိုနေသော်လည်း တစ်ဖက်တွင် နောက်ကွယ်မှကြိုးဆွဲနေသည့် အင်အားကြီးနိုင်ငံများအလိုကျ ပြည်တွင်းစစ်မီး ပိုမိုတောက်လောင်လာစေရန် လုပ်ဆောင်နေပါသည်။ ထိုလုပ်ဆောင်ချက်များသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် ကွဲလွဲဆန့်ကျင်နေပါသည်။ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်တစ်ယောက်သည်ပင် သံတမန်ကျင့်ဝတ်နှင့်မညီဘဲ ပြောဆိုလုပ်ဆောင်နေလျှင် ကုလသမဂ္ဂအပေါ် နိုင်ငံတကာ၏ ယုံကြည်မှုများ ပိုမိုကျဆင်းလာမည်ဖြစ်သည်။

> “ကုလသမဂ္ဂအနေဖြင့် ပထမကမ္ဘာစစ်ကြီးနောက်ပိုင်း ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် ဖွဲ့စည်းခဲ့သော နိုင်ငံပေါင်းချုပ်အသင်းကြီး ကိုသင်ခန်းစာယူသင့်ပါသည်။ ပထမကမ္ဘာစစ်ပြီးနောက် ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရန် ဖွဲ့စည်းထားသော နိုင်ငံပေါင်းချုပ်အသင်းကြီးအား အင်အားကြီးနိုင်ငံများက လွှမ်းမိုးလာပြီးနောက် အသင်းကြီး၏ ရည်ရွယ်ချက်မအောင်မြင်ခဲ့ဘဲ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့ရသည်မှာ ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုအတွက် ခါးသီးသော အတွေ့အကြုံဖြစ်ပါသည်”

**ကုလသမဂ္ဂအနေဖြင့် ပထမကမ္ဘာစစ်ကြီးနောက်ပိုင်း ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအတွက် ဖွဲ့စည်းခဲ့သော နိုင်ငံပေါင်းချုပ်အသင်းကြီးကို သင်ခန်းစာယူသင့်ပါသည်။ ပထမကမ္ဘာစစ်ပြီးနောက် ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရန် ဖွဲ့စည်းထားသော**

*စာမျက်နှာ ၂၁ သို့*



## မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

နေပြည်တော် ဩဂုတ် ၂၂

၂၀၂၂ ခုနှစ် ပထမ ခြောက်လပတ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန် မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ယနေ့နံနက်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း တက်ရောက်၍ ဌာနဆိုင်ရာအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အစည်းအဝေး တက်ရောက်လာကြသူများကို ပြည်နယ်ရပ်ရွာလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးစေရေးတို့ကို အထူးဂရုစိုက် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်းကို လျှော့ချနိုင်ရန် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကိုလည်း စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် လိုအပ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ပိုမိုတိုးတက်လာစေရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံပြီး လူမှုစီးပွားဘဝများ သာယာဝပြောစေရေး တို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအမှူးများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဆွေးနွေး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်စွက်ရှင်း ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဩဂုတ် ၂၂

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှု အောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊စစ်သည်၊မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီး ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



*စာမျက်နှာ ၂၀ မှ*

**နိုင်ငံပေါင်းချုပ်အသင်းကြီးအား အင်အားကြီးနိုင်ငံများက လွှမ်းမိုးလာပြီးနောက် အသင်းကြီး၏ ရည်ရွယ်ချက်မအောင်မြင်ခဲ့ဘဲ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့ရသည်မှာ ကမ္ဘာ့အဖွဲ့အစည်းကြီးတစ်ခုအတွက် ခါးသီးသောအတွေ့အကြုံဖြစ်ပါသည်။**

ယနေ့ဆိုလျှင် ကုလသမဂ္ဂအား မျက်ကွယ်ပြု၍ အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် ပေါ်ပေါ်ထင်ထင် လွှမ်းမိုးခြင်း၊ ဝင်ရောက် တိုက်ခိုက်ခြင်းများ ပြုလုပ်နေကြပြီး ကုလသမဂ္ဂကိုပင် လွှမ်းမိုးချုပ်ကိုင်နေကြပါသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် အဖျက်စွမ်းအားကြီးလက်နက်များကို ပိုင်ဆိုင်ထားကြသည်ဖြစ်ရာ ကုလသမဂ္ဂအနေဖြင့် တည့်မတ်မှန်ကန်စွာ ညှိနှိုင်းမဖြေရှင်းပေးနိုင်ပါက အင်အားကြီးနိုင်ငံများအကြား တစ်နေ့တခြားပြင်းထန်လာသော ပြိုင်ဆိုင်မှုများသည် အန္တရာယ်ကို ဖိတ်ခေါ်နေသည်နှင့် တူပါသည်။ သို့သော် ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်သည့် ကုလသမဂ္ဂသည် ထိုပြိုင်ဆိုင်မှုများအပေါ် ထိရောက်စွာ ညှိနှိုင်းမဖြေရှင်းနိုင်သည့်အပြင် ထိုနိုင်ငံကြီးများ အလိုကျ နိုင်ငံငယ်များအပေါ် မလျော်ဩဇာသုံးနေခြင်းမှာ အံ့ဩဖွယ်ဖြစ်သည်။

ကျူးဘားအရေးအခင်းတွင် အင်အားကြီးနှစ်နိုင်ငံအကြား ပြင်းထန်သော ထိပ်တိုက်ရင်ဆိုင်မှုကို ကုလသမဂ္ဂက ဝင်ရောက်စေ့စပ်ညှိနှိုင်းပေးခဲ့သည့် သာဓကကို အတုယူသင့်ပါသည်။ သို့သော် ယနေ့တွင် ကုလသမဂ္ဂအနေဖြင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများတွင် ထိရောက်စွာ စေ့စပ်ညှိနှိုင်းပေးနိုင်ရဲ့လား ဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်ပါသည်။

**❍ ကုလသမဂ္ဂအဖွဲ့ကြီး၏ အနာဂတ်ရပ်တည်ချက်အတွက် စိုးရိမ်ဖွယ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး အကျပ်အတည်းသည် ပြည်တွင်းရေးဖြစ်သော်လည်း နောက်ကွယ်တွင် မြန်မာ့နိုင်ငံရေးကို လွှမ်းမိုးရန်ကြိုးပမ်းနေသည့် အင်အားကြီးနိုင်ငံများနှင့် အဖွဲ့အစည်းများရှိနေသည်ကို အားလုံးအသိ ဖြစ်ပါသည်။ ကုလသမဂ္ဂအနေဖြင့်လည်း မြန်မာ့နိုင်ငံရေး အကျပ်အတည်းပြေလည်ရေးကို လိုလားပါက သမာသမတ်ကျစွာ စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရန် လိုအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ ဘက်လိုက်လုပ်ဆောင်ခြင်းဖြစ်ပါက ကုလသမဂ္ဂကိုယ်တိုင်က မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်နေပါသည်**

**သမာသမတ်ကျစွာ စေ့စပ်ညှိနှိုင်းမှု ပြုလုပ်ရန်လိုအပ်**

ယင်းမှာ **ကုလသမဂ္ဂအဖွဲ့ကြီး၏ အနာဂတ်ရပ်တည်ချက်အတွက် စိုးရိမ်ဖွယ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းသည် ပြည်တွင်းရေးဖြစ်သော်လည်း နောက်ကွယ်တွင် မြန်မာ့နိုင်ငံရေးကို လွှမ်းမိုးရန်ကြိုးပမ်းနေသည့် အင်အားကြီးနိုင်ငံများနှင့်အဖွဲ့အစည်းများရှိနေသည်ကို အားလုံးအသိ ဖြစ်ပါသည်။ ကုလသမဂ္ဂအနေဖြင့်လည်း မြန်မာ့နိုင်ငံရေး အကျပ်အတည်းပြေလည်ရေးကို လိုလားပါက သမာသမတ်ကျစွာ စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရန် လိုအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ ဘက်လိုက်လုပ်ဆောင်ခြင်းဖြစ်ပါက ကုလသမဂ္ဂကိုယ်တိုင်က မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်နေပါသည်။**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တစ်ယောက်အနေဖြင့်လည်း သံတမန်ကျင့်ဝတ်နှင့်ညီရန် လိုအပ်ပါသည်။ သို့မှသာ မိတ်ဝတ်မပျက် ရေရှည်ဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ သံတမန်စကား တစ်မျိုး၊ နောက်ကွယ်မှ ရည်ရွယ်ချက်တစ်မျိုးဆိုပါက ကိုယ်စားပြုစေလွှတ်သော ကုလသမဂ္ဂလည်း သိက္ခာကျမည်ဖြစ်သကဲ့သို့ ရည်ရွယ်ချက်လည်း မအောင်မြင်နိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။

ကိုးကား


၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ချက်။ https://myanmar.gov.mm/news-media/news/latest-news/-/asset_publisher/idasset354/content/ %25E1%2580%2594%25E1%2580%25AD%25E1%2580%25AF%25E1%2580%2584%25E1%2580%25BA%25E1%2580%2584%25E1%2580%25B6%25E2%2580%258C%25E1%2580%2590%25E1%2580%25B1%25E1%2580%25AC%25E1%2580%25BA%25E1%2580%2585%25E1%2580%25AE%25E1%2580%2599%25E1%2580%25B6%25E1%25-4

၂။ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ သတင်းထုတ်ပြန်ချက်။ https://myanmar.un.org/my/ 195256-miidiiyaathu-ttpnkhk-nepnnytteaan-pulupsnny-pthmakimacnnyawettng

# အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ အရင်းအနှီးဈေးကွက်သို့ ဝင်ရောက်ကြသည့်ပုံစံများ

**ပြည့်ဖြိုးအောင်**
**(စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**

မိမိတို့နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) မှ တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များအရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီပေါင်း ခြောက်သောင်းကျော်ခန့်ရှိပြီး အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအရေအတွက်သည် စုစုပေါင်း ၂၇ဝ ခန့် ရှိလာပြီဖြစ်ပါသည်။

၂၀၁၃ ခုနှစ်တွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (SE Law) နှင့် ၂၀၁၅ ခုနှစ်တွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ (SE Rules) များကို ပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုနှင့်အတူ ဈေးကွက်ကို ထိန်းကျောင်းရသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM)၊ အစုရှယ်ယာအရောင်းအဝယ်များကို အချိန်နှင့်တစ်ပြေးညီ ဖြစ်မြောက်အောင် ပံ့ပိုးလုပ်ဆောင်ပေးရသည့် စတော့အိပ်ချိန်း (Stock Exchange)တစ်ခု၊ အများပြည်သူတို့၏ အစုရှယ်ယာအရောင်းအဝယ်ပြုလုပ်မှုမှန်သမျှကို ကြားခံပြုလုပ်ပေးရသည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (Securities Company) များနှင့်အတူ အများပြည်သူ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများဖြင့် ထိန်းကျောင်းထားသည့် အစုရှယ်ယာဈေးကွက်တစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။

အစုရှယ်ယာဈေးကွက် (Stock Market) ဆိုသည်မှာ အရင်းအနှီးဈေးကွက် (Capital Market) ၏ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်သဖြင့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများစွာ ကြိုးပမ်းလုပ်ဆောင်ကြရဦးမည်ဖြစ်ပါသည်။

**ပုံစံ (၃) မျိုးဖြင့် ဈေးကွက်သို့ ဝင်ရောက်လေ့ရှိ**

ယခုဆိုလျှင် စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ ခုနစ်ခုအထိရှိလာခဲ့ပြီး အများပြည်သူသို့ အစုရှယ်ယာများထုတ်ဝေကမ်းလှမ်းရောင်းချထားသည့်ကုမ္ပဏီများလည်း ရှိလာပြီဖြစ်ပါသည်။ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများသည် အောက်ဖော်ပြပါ ပုံစံ (၃) မျိုးအနက် တစ်မျိုးကိုအသုံးပြု၍ အရင်းအနှီးဈေးကွက်အတွင်းသို့ ဝင်ရောက်လေ့ ရှိကြပါသည်။ ၎င်းတို့မှာ -

- (က) **ကုမ္ပဏီသည် အများပြည်သူသို့ အစုရှယ်ယာအသစ်များ ထုတ်ဝေကမ်းလှမ်းရောင်းချမှုကို ပြုလုပ်၍ ဈေးကွက်သို့ ဝင်ရောက်ခြင်း၊**
- (ခ) **ကုမ္ပဏီသည် ထုတ်ဝေထားပြီးဖြစ်သည့် လက်ရှိ အစုရှယ်ယာများကိုသာ အစုရှယ်ယာရှင်များနှင့် အများပြည်သူတို့ အကြား အလွယ်တကူ အရောင်းအဝယ် ပြုလုပ်နိုင်စေရန်အတွက် စတော့အိပ်ချိန်း၌ စာရင်းဝင်ခြင်း၊**
- (ဂ) **ကုမ္ပဏီသည် အများပြည်သူသို့ အစုရှယ်ယာအသစ်များ ထုတ်ဝေကမ်းလှမ်းရောင်းချမှုပြုလုပ်ခြင်းနှင့်အတူ စတော့အိပ်ချိန်း၌ တစ်ပြိုင်နက်စာရင်းဝင်ခြင်း** တို့ ဖြစ်ကြပါသည်။

အမှန်အားဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အရင်းအနှီးဈေးကွက်များကို လေ့လာကြည့်မည်ဆိုပါက ထိုကဲ့သို့သောပုံစံကွဲများကို မြင်တွေ့ရမည် မဟုတ်ဘဲ အစုရှယ်ယာအသစ်များ ထုတ်ဝေကမ်းလှမ်းရောင်းချမှုကို ပြုလုပ်ခြင်းနှင့်အတူ အစုရှယ်ယာဈေးကွက်သို့ ဝင်ရောက်လေ့ရှိသည်ကိုသာ မြင်တွေ့ကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေမှာ အစုရှယ်ယာဈေးကွက် မပေါ်ပေါက်ခင်ကာလကတည်းကပင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ နှင့်အညီ အစုရှယ်ယာများကို အများပြည်သူသို့ ထုတ်ဝေကမ်းလှမ်းရောင်းချခဲ့ကြသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများရှိနေခဲ့ခြင်းကြောင့်သာ ထိုကဲ့သို့သောပုံစံများ ကွဲပြားသွားရခြင်းဖြစ်ကြောင်း ပထမဦးစွာ နားလည်သိရှိစေလိုပါသည်။




မြန်မာနိုင်ငံတွင် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ အရင်းအနှီးဈေးကွက်သို့ ဝင်ရောက်ကြသည့် ပုံစံ(၃) မျိုး

> **“ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၏ အနှစ်သာရများဖြစ်သည့် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရန်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို မထိခိုက်စေရန် တို့ကို အခြေခံပါသည်။ အလားအလာ ညွှန်းတမ်းနှင့်အတူ ထုတ်ဝေကမ်းလှမ်းရောင်းချမည့်လုပ်ငန်းစဉ်ကိုပါ တစ်ပါတည်း တင်ပြရပြီး ကော်မရှင်မှ လက်ခံရယူစိစစ်ပါသည် ”**

**(က) အများပြည်သူသို့ အစုရှယ်ယာအသစ်များ ထုတ်ဝေကမ်းလှမ်းရောင်းချမှုကို ပြုလုပ် ၍ ဈေးကွက်သို့ ဝင်ရောက်ခြင်း**

လူသိများသည့် ပထမဦးဆုံးသောပုံစံတစ်ခုမှာ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) နှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (၂၀၁၃) တို့နှင့်အညီ ရင်းနှီးမြှုပ်နှံသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများနှင့် အများပြည်သူသို့ အစုရှယ်ယာအသစ်များ ထုတ်ဝေကမ်းလှမ်းရောင်းချခြင်းပင်ဖြစ်သည်။

ယင်းကို အစုရှယ်ယာများကို အများပြည်သူသို့ ကနဦး ထုတ်ဝေကမ်းလှမ်းရောင်းချခြင်း (Initial Public Offering) ဟု သိရှိကြပါသည်။ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာအသစ်များကို အများပြည်သူသို့ ထုတ်ဝေကမ်းလှမ်းရောင်းချမည်ဆိုပါက ငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ အခန်း ၆၊ ပုဒ်မ-၃၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ဆောင်ရပါသည်။ ထိုကဲ့သို့ပြုလုပ်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) သို့ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ပြည့်ပြည့်စုံစုံ ပြုစုတင်ပြ၍ အစိစစ်ခံရပါသည်။

ကော်မရှင် (SECM) ၏ အလားအလာညွှန်းတမ်း စိစစ်မှုသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၏ အနှစ်သာရများဖြစ်သည့် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရန်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို မထိခိုက်စေရန်တို့ကို အခြေခံပါသည်။ အလားအလာညွှန်းတမ်းနှင့်အတူ ထုတ်ဝေကမ်းလှမ်းရောင်းချမည့်လုပ်ငန်းစဉ်ကိုပါ တစ်ပါတည်း တင်ပြရပြီး ကော်မရှင်မှ လက်ခံရယူစိစစ်ပါသည်။ ပုံမှန်အားဖြင့် ကော်မရှင်သည် ဥပဒေနှင့်အညီ ရက်ပေါင်း ၆ဝ အတွင်း အတည်ပြုဆုံးဖြတ်လေ့ရှိပြီး တစ်ခါတစ်ရံ လိုအပ်ချက်များရှိခဲ့ပါက ထုတ်ဝေရောင်းချမည့် ကုမ္ပဏီသည် အလားအလာညွှန်းတမ်းကို ပြန်လည်ပြင်ဆင်၍ အသစ်တစ်ဖန် လျှောက်ထားတင်ပြရပါသည်။ ကော်မရှင်မှ လျှောက်ထားလာသည့်ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းကို စိစစ်နေစဉ်ကာလအတွင်း၌ ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကမ်းလှမ်းရောင်းချမည့် လုပ်ငန်းစဉ်တွင် ဖော်ပြပါရှိသည့် မိမိတို့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၏ သဘောတူဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ထားနိုင်သည့် အချို့သောလုပ်ငန်းစဉ်များဖြစ်သည့် လက်ရှိပိုင်ဆိုင်ထားသည့် အစုရှယ်ယာရှင်များကို ပထမဦးစွာ အစုရှယ်ယာအသစ်များအား အခွင့်အရေးပေး ထုတ်ဝေကမ်းလှမ်းရောင်းချခြင်း (Right Offering) ဆိုင်ရာကိစ္စရပ်များကို လုပ်ဆောင်နိုင်ပါသည်။

ကော်မရှင်သည် အများပြည်သူအား အစုရှယ်ယာအသစ်များ ထုတ်ဝေကမ်းလှမ်း ရောင်းချရန် ခွင့်ပြုပေးမည့်ကုမ္ပဏီကို ပထမဦးစွာ ပဏာမအတည်ပြုခွင့်ပြုချက် (Preliminary Approval) ပေးပါသည်။ သို့မှသာ ကုမ္ပဏီမှ ငှားရမ်းထားသည့် ယင်း၏ ဘဏ္ဍာရေးဆိုင်ရာအကြံပေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ထုတ်ဝေကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာအသစ်များကို တစ်ဆင့်ခံရောင်းချမှု (Underwriting)ပြုလုပ်မည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ ဦးဆောင်၍ Book Building စနစ်ဖြင့် သင့်လျော်သည့် အစုရှယ်ယာဈေးနှုန်းသတ်မှတ်ခြင်းကိစ္စရပ်များနှင့် ထုတ်ဝေကမ်းလှမ်းရောင်းချမည့် အစုရှယ်ယာများအား တစ်ဆင့်ခံရောင်းချမှုပြုလုပ်ပေးမည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကို ညှိနှိုင်းရွေးချယ်ခြင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်ရန်အတွက် ဖြစ်ပါသည်။

Book Building စနစ်ဖြင့် အစုရှယ်ယာဈေးနှုန်းသတ်မှတ်မှုပြုလုပ်ခြင်းဆိုသည်မှာ အစုရှယ်ယာထုတ်ဝေကမ်းလှမ်းရောင်းချမည့်ကုမ္ပဏီ (Issuer) နှင့် ယင်းလုပ်ငန်းစဉ်များကို ဦးဆောင်၍ တစ်ဆင့်ခံရောင်းချမည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့ ပူးပေါင်း၍ ရွေးချယ်ဖိတ်ကြားထားသည့် အရည်အသွေးမီရင်းနှီးမြှုပ်နှံသူများအား ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှု၊ ဘဏ္ဍာရေးအခြေအနေ၊ စီမံခန့်ခွဲမှုအဖွဲ့၊ ဆက်လက် လုပ်ဆောင်မည့် စီးပွားရေးလုပ်ငန်း (သို့မဟုတ်) စီမံကိန်းများ အစရှိသည့် သတင်းအချက်အလက်များကို ရှင်းလင်းတင်ပြ၍ ၎င်းတို့မှ အများစုအဆိုပြုသည့် သင့်တင့်မျှတသော အဆိုပြုဈေးနှုန်းတစ်ခုကို ရရှိလာစေရန် လုပ်ဆောင်ခြင်းဟု အလွယ်တကူ နားလည်နိုင်ပါသည်။

အပြီးသတ်အဆိုပြုဈေးနှုန်း သတ်မှတ်ချက် ရလဒ်အား ကော်မရှင်သို့ ဦးစွာတင်ပြရပါသည်။ အပြီးသတ်အဆိုပြုဈေးနှုန်းသတ်မှတ်ချက် ရလဒ်အား ကော်မရှင်သို့ ဦးစွာတင်ပြရပါသည်။ ကော်မရှင်မှ အလားအလာညွှန်းတမ်းအား အပြီးသတ်အတည်ပြုချက် **(အပြီးသတ် အဆိုပြုဈေးနှုန်း သတ်မှတ်ချက်ပါဝင်)** ကို ခွင့်ပြုပေးပြီးပါက ယင်းကုမ္ပဏီသည် ကော်မရှင်၏ အတည်ပြုချက်နှင့်အတူ အဆိုပါ အလားအလာညွှန်းတမ်းကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ မှတ်ပုံတင်ရန် ပေးပို့ရပါသည်။ ထို့နောက် အပြီးသတ်အဆိုပြုဈေးနှုန်းသတ်မှတ်ချက်ကို တစ်ဆင့်ခံ ရောင်းချမှုပြုလုပ်ကြမည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသို့ အကြောင်းကြားခြင်း၊ အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း လုပ်ငန်းစဉ်များဖြစ်သည့် ဖိတ်ခေါ်ကမ်းလှမ်းသည့်ရှင်းလင်းပွဲ (Road Shows) များပြုလုပ်ခြင်း၊ အစုရှယ်ယာများကို ဝယ်ယူကြမည့် ရင်းနှီးမြှုပ်နှံသူများ၏ အဆိုပြု အမှာစာများအား တစ်ဆင့်ခံရောင်းချမှုပြုလုပ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှတစ်ဆင့် လက်ခံခြင်း အစရှိသည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်ကြရပါသည်။

ဥပမာအားဖြင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပြဋ္ဌာန်းပြီးနောက် Myanmar AGRO Exchange Public Ltd. (MAEX)၊ Yangon Bus Public Co., Ltd. (YBPC)၊ Amata Holdings Public Co., Ltd. (AMATA) တို့သည် အထက်ပါ နည်းလမ်းအတိုင်း ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအား ကော်မရှင်သို့ တင်ပြကာ စိစစ်အတည်ပြုချက်ကို ရရှိခဲ့ပြီး အများပြည်သူသို့ ကနဦးအစုရှယ်ယာများ ထုတ်ဝေကမ်းလှမ်းရောင်းချခြင်းကို လုပ်ဆောင်ခဲ့ကြပါသည်။ ယင်းတို့တွင် ပုံစံနှစ်မျိုး ထပ်မံကွဲပြားပြီး Myanmar AGRO Exchange Public Ltd. နှင့် Yangon Bus Public Co., Ltd. တို့၏ပုံစံသည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီထူထောင်ပြီး အစုရှယ်ယာများကို မူရင်းတန်ဖိုး (Face Value) သတ်မှတ်၍ ထပ်ဆောင်းငွေ (Premium) ပေး၍ ထုတ်ဝေကမ်းလှမ်းရောင်းချခဲ့ခြင်းဖြစ်ပြီး Amata Holdings Public Co., Ltd. ၏ ပုံစံမှာမူ ပုဂ္ဂလိကကုမ္ပဏီအဖြစ် လုပ်ငန်းလုပ်ဆောင်မှုကြာမြင့်လာပြီးမှသာ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီသို့ စတင်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး အထက်ပါ နည်းလမ်းများကို အသုံးပြု၍ ဈေးကွက်ထဲသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဩဂုတ် ၂၂

ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာရပ်ကွက် ပထမတောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကောသိယ (အဂ္ဂမဟာပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါအရ ၁၃၈၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၀)ရက်၊ ၂၁-၈-၂၀၂၂၊ တနင်္ဂနွေနေ့၊ ည ၈ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**နိုင်ငံတော်ဩဝါဒါစရိယ**
**ရှမ်းပြည်နယ် တောင်ကြီးမြို့**
**အေးသာယာရပ်ကွက် ပထမတောင်ကျောင်းကြီး**
**ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက**
**ဆရာတော်ဘဒ္ဒန္တကောသိယ (အဂ္ဂမဟာပဏ္ဍိတ၊**
**မဟာသဒ္ဓမ္မဇောတိကဓဇ)၏**
**ထေရုပ္ပတ္တိအကျဉ်း**



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အင်းယားကြီးကျေးရွာတွင် ခမည်းတော် ဦးမောင်မြ+မယ်တော် ဒေါ်နန်းမူတို့မှ ၁၃၀၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၅)ရက်၊ တနင်္လာနေ့တွင်ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ထန်းတပင်မြို့နယ် ချောင်းကြားကျေးရွာ ဦးချို၊ ဒေါ်ငယ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၂၅-ခုနှစ်၊ ကဆုန်လဆန်း (၈) ရက်နေ့တွင်ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ချောင်းကြားကျေးရွာ၊ (မင်းရွာ)ချောင်းကြားကျောင်းတိုက်၊ (ဥဒကုက္ခေဒ) သိမ်၌ ဇရပ်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လကို ဥပဇ္ဈာယ်ပြု၍ ထန်းတပင်မြို့နယ်၊ ချောင်းကြားကျေးရွာနေ ဦးချို+ ဒေါ်ငယ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ထန်းတပင်မြို့နယ်၊ ချောင်းကြားကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဇောတိပါလနှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ညောင်တုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဩဘာသသာဘိဝံသ၊ တောင်ကြီးမြို့၊ ပထမတောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနရိန္ဒ စသည့်ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး **"သာသနဓဇဓမ္မာစရိယ"** ဘွဲ့ကို ရရှိတော်မူခဲ့သည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် တောင်ကြီးမြို့၊ ပထမတောင်ကျောင်းကြီးပရိယတ္တိ စာသင်တိုက်၌ စာသင်သားရဟန်း/ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်းနှင့် ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ပြည်နယ်သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၀-ပြည့်နှစ်တွင် **"မဟာသဒ္ဓမ္မဇောတိက ဓဇ"**ဘွဲ့၊ ၂၀၁၈-ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါအရ ၁၃၈၄-ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၀) ရက်၊ ၂၁-၈-၂၀၂၂၊ တနင်္ဂနွေနေ့၊ ည ၈ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# မြစ်ရေကြီးမှု သတိပေးချက်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့မြန်မာစံတော်ချိန် ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၂

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၅) ရပ်ကွက် ခရေလမ်းနေ ဖြိုးသန်းထွန်းသည် ၎င်းအသုံးပြုသည့် "Phyo Than Htoon" Facebook အကောင့်၊ ရောဂတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မရမ်းကုန်းရပ်ကွက်နေ ဒေါ်ကြူကြူခိုင်သည် ၎င်းအသုံးပြုသည့် "ဆရာမခိုင်ခိုင်ဝင်း" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံ ဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင် အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❖ *ကျောဖုံးမှ*

တစ်ရပ်ကွက်တည်းနေ ဦးခင်မောင်ကြည်တွင် သေနတ်ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အပြစ်မဲ့ပြည်သူများကို အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်ကာ မော်တော်ယာဉ်များအား လုယက်ယူဆောင်သွားသည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးစောငြိမ်း
## ထားဝယ်မြို့
## အသက်(၈၀)နှစ်

ထားဝယ်မြို့ (ဦးဘညွန့်-ဒေါ်သန်း) တို့၏သားကြီး၊ ရန်ကုန်မြို့၊ အမှတ်(၅၃/ခ)၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်နေ (ဒေါ်ခင်အေးကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်စိုးဦး-ဒေါ်စောသီရိထက်၊ ဦးကျော်သက်-ဒေါ်စောကလျာအေး၊ ဦးနေထွန်းမြင့်-ဒေါ်စောသက်နန်းအေး၊ (ဦးဆောင်းမင်းထွန်း)-ဒေါ်စောသဥ္ဇာငြိမ်း တို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် စင်ကာပူနိုင်ငံ Ng Teng Fong General Hospital ၌ ၂၂-၈-၂၀၂၂ရက် စင်ကာပူစံတော်ချိန် ည (၇:၂၆)နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ၂၃-၈-၂၀၂၂ရက်တွင် စင်ကာပူနိုင်ငံ၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးစောငြိမ်း
## ထားဝယ်မြို့
## အသက် (၈၀) နှစ်

ထားဝယ်မြို့(ဦးဘညွန့်-ဒေါ်သန်း)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် (၅၃/ခ)နေ (ဒေါ်ခင်အေးကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုလေး-ဒေါ်ခင်ရီ၊ ဦးခင်ဦး-ဒေါ်တင်တင်ငွေ၊ (ဒေါ်ခင်သိန်း)၊ ဦးစိုင်းလောင်လိတ်-ဒေါ်မြင့်မြင့်အေး၊ (ဦးမြင့်သိန်း)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကိုကိုလွင်-ဒေါ်ညိုညိုအေး၊ (ဦးစံထွန်းမင်း)-ဒေါ်သန်းသန်းဌေး၊ (ဦးမြင့်စိုး)-ဒေါ်နန္ဒာအောင်တို့၏ အစ်ကိုကြီးသည် စင်ကာပူနိုင်ငံ Ng Teng Fong General Hospital ၌ ၂၂-၈-၂၀၂၂ ရက် စင်ကာပူစံတော်ချိန် ည (၇:၂၆)နာရီတွင် ၈၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ၂၃-၈-၂၀၂၂ ရက်တွင် စင်ကာပူနိုင်ငံ၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူ ညီ၊ မောင်နှမများ**

# ဦးသိန်းညွန့်
## အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၅ $B_2$နေ(ဦးစင်အိမ်း-ဒေါ်ညား)တို့၏သား၊ (ဦးကျင်စိန်)-ဒေါ်ဝါကွီ(USA)တို့၏ သားသမက်၊ ဒေါ်တင်တင်လှ၏ ခင်ပွန်း၊ ဦးမင်းဆွေသိန်း-ဒေါ်မာလာနွယ်(USA)၊ ဦးတင်ဇော်ညွန့်-ဒေါ်စပယ်ဝင်း၊ ဦးသန်းဌေး-ဒေါ်သင်းသင်းညွန့် တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၂-၈-၂၀၂၂ရက် (တနင်္လာနေ့)မွန်းလွဲ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၂ရက် (အင်္ဂါနေ့)နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၈-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးကျေးဇူးဥပကာရတင်ရှိခြင်း

ကွယ်လွန်သူ ကျွန်တော်၊ ကျွန်မတို့၏ ကျေးဇူးရှင် ဖခင်ကြီး လီစူဆိုင်(ခ)ဦးမောင်မောင်၏ ဈာပနကိစ္စအဝဝအား အဘက်ဘက်မှ လိုလေသေးမရှိအောင်ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကုမ္ပဏီမှ မိသားစုဝန်ထမ်းများ၊ လွမ်းသူပန်းခွေ၊ပန်းခြင်းများ၊ လှူဒါန်းဖွယ်ရာ ပစ္စည်းများ ပေးပို့ကြပါသော ဆွေမျိုးများနှင့် မိတ်ဆွေကုမ္ပဏီများ၊ ရန်ကုန်-ယူနန်လူမှုကူညီရေးအသင်းကြီးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ Capital Diamond Star Groupမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ Chein Kaung Co.,Ltd. မှ MD နှင့် ဝန်ထမ်းများ၊ E.M.P Co.,Ltd.မှ Director နှင့်ဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးမှ တယ်လီဖုန်း၊ မေးလ်တို့ဖြင့် ဆက်သွယ်၍ နှစ်သိမ့်အားပေးကြသူများ၊ လူမှုကွန်ရက်များတွင် ဆုတောင်းမေတ္တာပေးပို့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း လေးစားစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် 78W/89845 , HONDA CLICK-125, ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေခိုင်မိုး ၅/ကလထ(နိုင်)၂၄၇၆၇၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန(ကလေးမြို့)

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်တင်တင်လှ
## ကျုံမငေးမြို့
## အသက်(၉၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့နေ (ဦးစစ်တင်-ဒေါ်တင်စိန်)တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးခင်ဟုတ်- ဒေါ်ခင်ဆုံ)တို့၏ ညီမ၊ အလုံမြို့နယ်နေ(ဒေါ်သန်းသန်း)၊(ဦးသိန်းထိုက်)-ဒေါ်စန်းစန်းမြင့်၊ (ဦးအောင်ဖုန်း)-ဒေါ်ခင်စစ်အေး၊ (ဦးသန်းလွင်)-ဒေါ်အေးအေးသင်း၊ (ဦးမောင်မောင်)တို့၏အစ်မအကြီးဆုံး၊ တူ၊ တူမ ငါးယောက်တို့၏ ကြီးတော်သည် ၂၀-၈-၂၀၂၂ရက် နံနက် ၁၀:၀၅နာရီတွင် ကျုံမငေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၂ရက်နံနက်၁၁နာရီတွင် ကျုံမငေးသုသာန်၌ မီးသဂြိုဟ်၍ ဂူသွင်းမြှုပ်နှံပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒေါ်တင်အေး
## အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ရဲတံခွန်လမ်း၊ အမှတ်(၇၇၇)နေ (ဦးတိုးမောင်-ဒေါ်ပြည့်)တို့၏ သမီး၊ (ဦးထွန်းတင်-ဒေါ်ခင်တင့်)တို့၏ချွေးမ၊ (ဦးငွေသန်း-ဒေါ်တင်ရွှေ)တို့၏ညီမ၊ ဦးသောင်ကြည်-ဒေါ်ခင်စန်း၊ (ဦးလေး မောင်-ဒေါ်သိန်းသိန်းအေး)၊ ဦးအောင်သန်း-ဒေါ်တင်ထွေးတို့၏အစ်မ၊[ဦးကိုကိုလွင် (MPPE)-ဒေါ်စန္ဒာ]၊ ဦးညီညီလွင်-ဒေါ်ယဉ်ယဉ်ထွေး၊ ဦးနီနီထွန်း(MOGE-ငြိမ်း)-ဒေါ်ဇာလီမြင့်၊ (ဦးမောင်မောင်လွင်)-ဒေါ်ကြည်ကြည်ဆွေ၊ ဦးသိုက်စိုး(MOGE)-ဒေါ်သီသီခိုင်၊ ဦးဇော်မျိုးလတ်(MOGE)-ဒေါ်မူမူခိုင်၊ ဒေါ်တင်မိုးခိုင်(ဦးစီးအရာရှိ၊ PPRD၊ နေပြည်တော်)၊ ဦးသီဟစိုး(MPPE)-ဒေါ်သဥ္ဇာခင်၊ ဦးဥက္ကာအောင်-ဒေါ်ခင်မြတ်နွယ်တို့၏ချစ်လှစွာသောမိခင်၊ ဦးအုန်းကျော်(MPPE-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မြေး ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၀-၈-၂၀၂၂ရက်(စနေနေ့) ညနေ ၃:၃၀နာရီတွင် (၈၆)ပါးသောရောဂါ ဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ မွန်းလွဲ ၁၂: ၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၂၂ရက်(သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
# ဦးမောင်မောင်(တောင်တွင်းကြီး)
## လ/ထ-ညွှန်ကြားရေးမှူး
## (အဆင့်မြင့်ပညာဦးစီးဌာန)(ငြိမ်း)
## အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လှည်းတန်းမင်္ဂလာလမ်း၊ အမှတ်(၂၅/1-A)၊ မြေညီထပ်နေ [ဦးဘကြွယ် (မီးရထား)-ဒေါ်ခင်ခင်ညွန့်]တို့၏သား၊ (ဦးလွင်-ဒေါ်လှစိန်)တို့၏သားသမက်၊ (ဒေါ်ခင်ရီ)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးညီညီကျော်-ဒေါ်အေးအေးမိုးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မဆုသက်ညီညီ၊ မောင်ပြည့်ဖြိုးနောင်၊ မအိမ့်သဒ္ဒါဖြူတို့၏ ချစ်လှ စွာသော ဘိုးဘိုးကြီးသည် ၂၂-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၆:၄၀နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက် ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃ကွက်)(ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၃၅၂)၊ မြေကွက်အမှတ်(352)၊ မြေရေိယာအကျယ်အဝန်း(၀.၁၁၀)ဧကေ (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းအောင်(ခ)မိုဟာမက်အစ်ကဘာလ်ခါန် ၁၂/ပဘတ(နိုင်)၀၂၈၉၀၅ထံမှ (အရပ်ကတိစာချုပ်)ဖြင့် ဦးသန်းအောင် ၁၂/လမန(နိုင်) ၀၅၄၈၆၁က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးသန်းအောင် | ဦးနေမျိုးဇော်(LL.B,D.B.L) |
| ၁၂/လမန(နိုင်)၀၅၄၈၆၁ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆) |
| | "နိုင်"ဥပဒေအကျိုးဆောင် |
| | အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ |
| | ပြင်ဦးလွင်မြို့ ၊ ဖုန်း-၀၉-၂၀၄၅၄၂၄ |

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက် ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-IV)ကွက်ပြင်၊ ဦးပိုင်အမှတ်(၅၆-C)၊ မြေကွက်အမှတ်(63/264)၊ မြေရေိယာအကျယ်အဝန်း(၀.၅၀)ဧကေ (လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေနေအိမ်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ဇေယျ ၉/မရတ(နိုင်) ၀၅၉၃၉၄ထံမှ (အရပ်က တိစာချုပ်)ဖြင့် ဦးမြတ်ဇင်က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဝယ်ယူပြီးပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးမြတ်ဇင် | ဦးနေမျိုးဇော်(LL.B,D.B.L) |
| ၁၂/သလန(နိုင်)၀၇၉၃၂၁ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆) |
| | "နိုင်"ဥပဒေအကျိုးဆောင် |
| | အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ |
| | ပြင်ဦးလွင်မြို့ ၊ ဖုန်း-၀၉-၂၀၄၅၄၂၄ |

**ပျောက်ဆုံးကြောင်း**

ကျွန်မ မအေးမိခိုင် ၅/ပလန(နိုင်) ၁၀၀၂၁၃၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၁၃၂၈၄၆၇

# ဘဝနတ်ထံပျံလွန်တော်မူခြင်း

တောင်ကြီးမြို့၊ ပထမတောင်ကျောင်းကြီးစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၊ အေးသာယာမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မ ဇောတိကဓဇ သက်တော်(၇၉)နှစ် သိက္ခာတော်(၅၉)ဝါရရှိတော်မူသော ဘဒ္ဒန္တကောသိယ မဟာထေရ်မြတ်သည် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်) ၂၁-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) မြန်မာစံတော်ချိန် ည ၈:၃၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးဖိတ်ကြားအပ်ပါသည်။

(ဝါခေါင်လကွယ်နေ့တွင် အန္တိမ အဂ္ဂိဈာပန ကျင်းပပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်မြစိန်(မူလတန်းပြ-ငြိမ်း)
## မုဒုံမြို့
## အသက်(၇၅)နှစ်

မုဒုံမြို့နယ်၊ ဘဲရမ်းကျေးရွာ၊ ၃လမ်း၊ အိမ်အမှတ် ၂၁နေ ဦးတင်ဖေ၏ ဇနီး၊ ဦးမင်းဗညားတင်၊ ဦးမင်းရန်နောင်တင်-ဒေါ်နွေးအိခိုင်၊ ဦးမင်းအောင်နန္ဒာတင်-ဒေါ်ခင်စန္ဒာဦး၊ ဦးရဲမောင်မောင်တင်-ဒေါ်တင်ဇာလွင်၊ ဦးရဲအောင်အောင်တင်-ဒေါ်သင်းသင်းအိတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးကိုးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၂-၈-၂၀၂၂ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၂ရက်မွန်းလွဲ ၁၂:၃၀နာရီတွင် ကန်ကြီးသုသာန်၌မီးသဂြိုဟ်မည် ဖြစ်ပါကြောင်းနှင့် ၂၅-၈-၂၀၂၂ရက်(ကြာသပတေးနေ့) (ဝါခေါင်လကွယ်နေ့)တွင်ရက်လည်ဆွမ်းကျွေး တရားတော်နာ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးထွန်းတင် B.Sc(Maths)
## မန်နေဂျာ(ကောင်းမြတ်မွန်ဆေးခန်း)
## အသက်(၅၉)နှစ်

၁၀၈(K)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးလှကျော်-ဒေါ်မြဦး)တို့၏သား၊ ဒေါ်ဦးခင်သိန်း၊ ဒေါ်သန်းတင်၊ (ဦးသံဒိုင်)၊ (ဦးကျော်ခင်)၊ ဒေါ်သိန်းဟန်၊ ဒေါ်နွဲ့တင် တို့၏မောင်၊ ဒေါ်သိန်းညွန့်(Trecy Kyaw)၏အစ်ကိုသည် ၂၁-၈-၂၀၂၂ရက် နံနက် ၃:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်ခန်းမ(၁)၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၆) ဗိုလ်စောဦးလမ်း၊မြေကွက်အမှတ်(၈၉၉)၊အကျယ်အဝန်း(၄၅ပေ × ၆၀ပေ)ရှိ ဦးချစ်ဝင်း(N/ OKA-002323)(၁၂/ လကန(နိုင်)၀၁၅၆၅၀)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှမြေကွက်အမှတ်(၉၀၀)နှင့်ကပ်လျက်ရှိသောအခြမ်းအကျယ်အဝန်း(၂၅ပေ × ၆၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဦးဖြိုးမောင်မောင်(၁၂/ ဒဂမ(နိုင်)၀၀၆၄၆၉)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
Ph,09421746974 အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်-၄၃၂၊ မြတ်သီရိလမ်း၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးစိန်လှိုင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်သန်းသန်းဝင်း (၁၂/အစန(နိုင်)၁၀၃၉၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့ လိုပါတယ်။ ပြည်သူလူထု တစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့ လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး လွတ်လပ်ပြီး တရားမျှတစွာ နေရာအနှံ့ အကြားအလပ်မရှိ ကျင်းပနိုင်ရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့ လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



Junior Lions အသင်းနှင့် မောရဝတီအသင်း ယှဉ်ပြိုင်စဉ်။

## MNL-2 ပြိုင်ပွဲ Junior Lions အသင်း ဂိုးပြတ်နိုင်

ရန်ကုန် ဩဂုတ် ၂၂

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်က သုဝဏ္ဏလေ့ကျင့်ရေး ကွင်း-၁ ၌ ပြန်လည်ကျင်းပရာ Junior Lions အသင်းက မောရဝတီအသင်းကို ခုနစ်ဂိုးပြတ်အနိုင် ရခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၃ ❍

## မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ PDF/YDF အမည်ခံ အကြမ်းဖက်အဖွဲ့က အေးချမ်းစွာ နေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူ ခြောက်ဦးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ မော်တော်ယာဉ် နှစ်စီးအား လုယက်ယူဆောင်

နေပြည်တော် ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ PDF/YDF အမည်ခံအကြမ်းဖက်အဖွဲ့က အေးချမ်းစွာ နေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူ ခြောက်ဦးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ မော်တော်ယာဉ် နှစ်စီးအား လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၁ ရက် ည ၉ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ဇေယျာရပ်ကွက်နေ ဦးခင်မောင်လင်းသည် ၎င်း၏မိသားစုနှင့်အတူ နေအိမ်၌ တီဗွီကြည့်နေစဉ် PDF/YDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၁၅ ဦးခန့်က နေအိမ်ခြံဝင်းအတွင်းသို့ ရောက်ရှိလာပြီး သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်၍ ခြံဝင်းအတွင်းရှိ Faw ယာဉ် တစ်စီးနှင့် Light Truck ယာဉ် တစ်စီးတို့အား လုယက်ယူဆောင်သွားခဲ့သည်။

ထိုသို့ အကြမ်းဖက်ပစ်ခတ်မှုကြောင့် အဆိုပါ နေအိမ်အတွင်း ရှိနေသူများဖြစ်သည့် ဦးခင်မောင်လင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ယဉ်ဝေ၊ ချွေးမဖြစ်သူ မခင်မာသက်၊ မြေးဖြစ်သူ မသက်သက်အေး၊ ညီဖြစ်သူ ဦးဇော်ငွေးနှင့် တစ်ရပ်ကွက်တည်းနေ ဦးအောင်သိန်းဝင်းတို့တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး

စာမျက်နှာ ၂၃ ကော်လံ ၃ ❖

**CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များ အနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်**

နေပြည်တော် ဩဂုတ် ၂၂

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့်

စာမျက်နှာ ၂၃ ကော်လံ ၃ ❑

### ယနေ့ သတင်းအညွှန်း



**ကင်ညာ၌ မိုးခေါင်ရေရှားမှုအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် စားနပ်ရိက္ခာ မဖူလုံသည့်လူဦးရေ ပိုတိုးလာနိုင်**

နိုင်ငံတကာသတင်း စာ ၁၄

**ဩဂုတ် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦး တွေ့ရှိ**

ပြည်တွင်းသတင်း စာ ၁၅

**သံတမန်စကား၏ နောက်ကွယ်မှ ရည်ရွယ်ချက်**

ဆောင်းပါး စာ ၂၀